


# တစိမ်းတွေကို
# ဆွေမျိုးလုပ်ပြီးကြည့်မနေနဲ့

၁၆၉

ဟောကြားသည့်နေ့
(၁-၃-၅၉)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၉)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# တစိမ်းတွေကို
# ဆွေမျိုးလုပ်ပြီးကြည့်မနေနဲ့

ဟောကြားသည့်နေ့ (၁-၃-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၄၀/၉၈ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၃/၉၉ (၄)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# တစိမ်းတွေကို ဆွေမျိုးလုပ်ပြီး ကြည့်မနေနဲ့

ဟောကြားသည့်နေ့ (၁-၃-၅၉)

မိမိတို့ အခု တရားနာနေကြတဲ့ သဘောဟာ ထိုင်နေတာ ဘယ်သူတုံးလို့ မေးလို့ရှိရင်ဖြင့် နာမ်ကအထိုင်ခိုင်းလို့ ရုပ်က ထိုင်နေတယ်လို့ မှတ်ရမှာပဲ (မှန်ပါ့)။

## ထိုင်တာ ဘယ်သူပါလိမ့်

ထိုင်တာ ဘယ်သူပါလိမ့် (နာမ်က အထိုင်ခိုင်းလို့ ရုပ်က ထိုင်ပါတယ်ဘုရား) ဩော်. . . ဒါဖြင့် အခိုင်းသမားနဲ့ အလုပ်သမားနှစ်ယောက်ရှိတယ်လို့ မှတ်ရမယ် (မှန်ပါ့) အခိုင်းသမားက နာမ်၊ အလုပ်သမားက ရုပ်။

ဪ . . . ဒါဖြင့် ယောက်ျားတွေလား၊ မိန်းမတွေလား၊ အခိုင်းသမားနဲ့ အလုပ်သမားဆိုတဲ့နာမ်, ရုပ်နှစ်ပါးလားလို့ မေးလိုက်ပါတယ် . . . (အခိုင်းသမားက နာမ်နဲ့ အလုပ်သမားက ရုပ်ပါဘုရား)။

အခိုင်းသမား၊ အလုပ်သမားဆိုတဲ့ နာမ်,ရုပ်နှစ်ပါးပဲ ရှိတယ်လို့ ဆုံးဖြတ်ချက်ချကြပါ (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား)။

## ရုပ်နာမ်နှစ်ခုကို ဉာဏ်တစ်ခုနဲ့ကြည့်

ကောင်းပြီ . . . ဒါဖြင့် ဒီနာမ်, ရုပ်နှစ်ပါးသာရှိပြီး သကာလ နေတော့၊ ဒီနာမ်, ရုပ်နှစ်ပါးကို ဘုန်းကြီးက မနေ့က ဒကာ ဒကာမတွေကို၊ ဝိပဿနာရှုတတ်အောင် ဘယ်လိုသင်ခဲ့ သတုံးဆိုတော့၊ နာမ်, ရုပ်နှစ်ခုကို ဉာဏ်တစ်ခုနဲ့ကြည့်လို့ မနေ့က မှာတမ်းတစ်ခါတည်း ပေးထားတယ် (မှန်ပါ့)။

မနေ့က နာမ်, ရုပ်က ပြောပါလိမ့်မယ်၊ ကြည့်ပါလို့ ဦးခင်မောင်တို့ကို ပေးထားခဲ့တယ်နော် (မှန်ပါ့) အဲဒီတော့ ဒီနာမ်ရုပ်က ပြောတဲ့အခါမှာ ဒကာဒကာမတို့ ကြမ်းကြမ်းတမ်းတမ်း ပြောမလား၊ သိမ်သိမ်မွေ့မွေ့ ပြောမလားဆိုတာ ကလေးကို ယနေ့ ဝေဖန်ရလိမ့်မယ် (မှန်ပါ့)။

## အစိုင်အခဲမြင်နေရင် နိဗ္ဗာန်မရောက်နိုင်

ကြမ်းကြမ်းတမ်းတမ်း ပြောမလား၊ သိမ်သိမ်မွေ့မွေ့ ပြောမလား ဆိုလို့ရှိရင် ရုပ်ဆိုတာ အတုံးအခဲကြီး မြင်နေသေးလို့ရှိရင်၊ အဲဒါသည် ကြမ်းကြမ်းတမ်းတမ်းမြင်တာ ဖြစ်လေသောကြောင့်၊ ဒကာဒကာမတွေသည် နိဗ္ဗာန်ရောက်တဲ့အမြင် မဟုတ်သေးဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ရုပ်အတိုင်း အတုံးအခဲကြီး၊ အစိုင်အခဲကြီး မြင်နေသေးလို့ရှိရင် နိဗ္ဗာန်ရောက်တဲ့အမြင် မဟုတ်သေးပါဘူး (မှန်ပါ)။

## နိဗ္ဗာန်ရောက်တဲ့အမြင်

ဒါဖြင့် ယနေ့ရှင်းရမှာက နိဗ္ဗာန်ရောက်တဲ့အမြင်ကတော့ ဒကာဒကာမတို့ ပျက်ပျက်ပြီးသကာလ ပျောက်ပျောက်သွားတာကလေးကို မြင်ရမယ်နော် (မှန်ပါ့)။

ရုပ်ဘက်ကလည်း ပေါ်ပြီး ပျောက်သွားတာကလေးတွေကို မြင်အောင်ကြည့်ရမယ် (မှန်ပါ့) စိတ်ဘက်က ကြည့်ပြန်လို့ရှိရင်ကော (ပေါ်ပြီးပျောက်သွားတာကလေး မြင်အောင်ကြည့်ရပါမယ်) အဲဒီ သိမ်မွေ့တာကို မြင်အောင်ကြည့်ရမယ် (မှန်ပါ့)။

ဒါဖြင့် သိမ်မွေ့တာမြင်အောင် ကြည့်ဆိုတော့ ဘုန်းကြီးက သိမ်မွေ့ခိုင်းတာမဟုတ်ဘူး၊ သူ့သဘောက သိမ်မွေ့နေတာ (မှန်ပါ့)။

သူ့သဘောက သိမ်မွေ့နေတာက ဖြစ်ပြီး ပျောက်သွားတယ်၊ ဖြစ်ပြီး ပျောက်သွားတယ်ဆို ရုပ်ကလေးတစ်ခုဟာ ပူတဲ့ရုပ်ကလေးဟာလည်း တော်တော်ကြာ ပျောက်သွားတာပဲ (မှန်ပါ့ဘုရား) အေးတဲ့ ရုပ်ကလေးကော (ပျောက်သွားပါတယ် ဘုရား)။

## သိမ်မွေ့တာမြင်အောင်ကြည့်

အဲဒါတွေ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဩော် . . . ခုနင်က ဒီနေရာပူတယ်၊ အခုမရှိဘူး ခုနင်က ဒီနေရာ အေးတယ်၊ အခုမရှိဘူး (မှန်ပါ) ခုနင်က ဒီနေရာမှာ ထားတဲ့ စိတ်ကလေး ဒီနေရာပေါ်တာလည်း အခုမရှိဘူး၊ အဲဒီလို အခု မရှိ၊ အခုမရှိတာကလေးကို သူက သိမ်မွေ့နေတော့ ဉာဏ်မှပဲ ထိုးဖောက်နိုင်တယ်လို့ မှတ်ရမယ် (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဉာဏ်မှ ထိုးဖောက်နိုင်ပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ စိတ်ထဲမှာ ရှုပ်နေလို့ရှိရင်ဖြင့် သိမ်မွေ့တဲ့တရားမို့ ဉာဏ်တစ်ခုပဲ ထိုးဖောက်နိုင်တယ် (မှန်ပါ့ ဘုရား)။

ဦးဘတင်ရေ ဒါဟာ ဒီနေ့ ထူးလာတယ်နော် (မှန်ပါ့) သိမ်မွေ့တဲ့တရား နှစ်ခုဖြစ်နေသောကြောင့် ထိုးထွင်း သိဉာဏ် နဲ့မှပဲ ရမယ်လို့မှတ်၊ မျက်လုံးနဲ့မြင်သလိုမြင်မယ်၊ နားနဲ့ ကြားသလို

ကြားမယ်၊ နှာခေါင်းနဲ့ရှူလို့ ရှိုက်လို့ရသလို ဒီလိုမဟုတ်ဘူး (မှန်ပါ့) သူက သိမ်မွေ့နေတော့ ဉာဏ်တစ်ခုနဲ့သာလျှင် ကြည့်လို့ ဖြစ်မှာပဲလို့ ယနေ့ မှတ်ကြရလိမ့်မယ် (မှန်ပါ့)။

## သိမ်သိမ်မွေ့မွေ့ပြလိမ့်မယ်

ဒါနဲ့ ရုပ်က ပြပြန်လည်း သိမ်သိမ်မွေ့မွေ့ပြလိမ့်မယ် (မှန်ပါ့) ရုပ်က ပြပြန်လို့ရှိရင်လည်း ပျက်ပျက်ပြီးပြလိမ့်မယ်၊ နာမ်ကပြပြန်လည်း (ပျက်ပျက်ပြီး ပြပါလိမ့်မယ်ဘုရား)။

အဲဒီတော့ ပျက်ပျက်ပြီး ပြတယ်ဆိုတော့ ဒကာဒကာမ တွေက ဉာဏ်နဲ့ကြည့်မှပဲ ဒီဥစ္စာပေါ်ပြီး ပျောက်သွားတယ်လို့ သိမှာပဲ (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ပေါ်ပြီး ပျောက်သွားပြီ၊ ပေါ်ပြီး ပျောက်သွားပြီလို့ သိလို့ရှိရင်ဖြင့် ရုပ်မှာလည်း ပေါ်ပျက်ပဲရှိတယ်၊ ဖြစ်ပျက်ပဲ ရှိပါတယ် (မှန်ပါ)။

နာမ်မှာလည်း (ဖြစ်ပျက်ပဲရှိပါတယ်) ရုပ်မှာလည်း ဖြစ်ပျက်ရှိတယ်၊ နာမ်မှာလည်း ဖြစ်ပျက်ရှိတယ်၊ အဲဒီ ဖြစ်ပျက် ကလေးတွေဆိုတော့ ဦးဘတင်တို့ သိမ်မွေ့မှာပဲ (မှန်ပါ့) သဘော ကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ သိမ်မွေ့တာကလေး မှန်အောင်ပစ်နိုင်ဖို့ ဉာဏ်က အရေးကြီးတယ် (မှန်ပါ့)။

ဩော် . . . ဒါဖြင့် ရုပ်၏ ဖြစ်ပျက်မှုဟာလည်း သိမ်မွေ့ပါလား၊ နာမ်၏ ဖြစ်ပျက်မှုဟာလည်း သိမ်မွေ့ပါကလား၊ ဒီဖြင် မျက်လုံးနဲ့၊ နားနဲ့၊ နှာခေါင်းနဲ့၊ လျှာနဲ့၊ ကိုယ်နဲ့ကြည့်လို့ဖြင့် မမြင်ပေဘူး ဦးခင်မောင်တို့ရ (မှန်ပါ့)။

## ထိုးထွင်းဉာဏ်နဲ့ကြည့်

ထိုးထွင်းဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ မမြင်ပေဘူးလား (မြင်ပါတယ်ဘုရား)။

အဲဒီလို မြင်လာလို့ရှိရင်ဖြင့် ဒကာဒကာမတို့ အမြင်မှန် ရပေါ့ (ဝါ) ယထာဘူတဉာဏ်ရပေါ့လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)။

သိမ်မွေ့တဲ့ ဖြစ်ပျက်ကလေးတွေ မြင်လာလို့ရှိရင် အမြင်မှန် ရပေါ့လို့ ဆုံးဖြတ်ချက်ချပါနော် (မှန်ပါ့) ရုပ်ကလည်း သိမ်သိမ်မွေ့မွေ့ ဖြစ်ပျက်ပဲပြမယ်၊ နာမ်တကော (သိမ်သိမ် မွေ့မွေ့ဖြစ်ပျက်ပဲ ပြပါမယ်ဘုရား)။

## ဖြစ်ပျက်မြင်ရင်အမြင်မှန်

အဲဒါကလေးတွေ ရုပ်ရှုတဲ့ပုဂ္ဂိုလ်က ရုပ်သိမ်မွေ့တာ ကလေး ဖြစ်ပျက်ကိုမြင်ပြီ၊ နာမ် သိမ်မွေ့တာကလေး ဖြစ်ပျက်ကို မြင်ပြီဆိုမှဖြင့် ဩော် . . . ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အမြင်မှန်ပဲလို့ ဆုံးဖြတ်ချက်ချပေတော့ (မှန်ပါ့)။

ရုပ်ကလေး၏ ဖြစ်ပျက် သိမ်သိမ်မွေ့မွေ့ ကလေးကို မြင်ပြီ (အမြင်မှန်ပါဘုရား) နာမ်ကလေး၏ ဖြစ်ပျက် သိမ်သိမ်မွေ့မွေ့ကလေးကိုမြင်ပြီ (အမြင်မှန်ပါဘုရား)။

အဲ. . . အမြင်မှန်ဆိုတာကို ပါဠိလိုသုံးတော့ ယထာဘူတဉာဏ် (မှန်ပါ့) ဒကာဒကာမတွေ မှတ်ထားပြန်တော့ အမြင်မှန်လို့ မှတ်ထားကြပါ (မှန်ပါ့) အမြင်မှန်လို့ ဆိုလို့ရှိရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ မြင်တာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) အမြင်မှန်ရတာ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဟုတ်တိုင်းမှန်စွာမြင်တာ

အမြင်မှန်ကို မဂ္ဂင်ဘယ်နှစ်ပါးပေါင်းပြီးတော့ မြင်ပါလိမ့် (ငါးပါးဘုရား) ဟာ . . ဒါဖြင့် ဦးဘအုန်းတို့ ယထာဘူတဉာဏ် သေချာလိုက်တာ (မှန်ပါ့) ဟုတ်တိုင်းမှန်စွာ မြင်တာကိုးဗျ (မှန်ပါ့)။

သူက သိမ်မွေ့လို့ သိမ်မွေ့တာကို မြင်တယ်ဆိုတော့ ဟုတ်တိုင်းမှန်စွာမြင်တယ်လို့ ဦးခင်မောင်တို့က ဆုံးဖြတ်ချက်ချရမှာပဲ (မှန်ပါ့)။

သိမ်မွေ့တာကို သိမ်မွေ့သလောက် မြင်တယ်ဆိုကတည်းက ဒကာဒကာမတို့ ဒါဟာ အမြင်မမှန်သေးဘူးလား . . .

(မှန်ပါတယ်ဘုရား) ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ကြမယ် (ယထာဘူတဉာဏ်ပါဘုရား)။

## ဒီဘဝတွင်ပင် ကိစ္စပြီးနိုင်တယ်

အဲဒီဉာဏ်ကလေးကို ရလို့ရှိရင်ဖြင့် ဘုန်းကြီးကပဲ ဆုံးဖြတ်ချက်ချပေးပါ့မယ်၊ ဒီ ဒကာဒကာမတွေဟာ ဒီဘဝတွင်ပင် ကိစ္စပြီးနိုင်တဲ့ ဒကာဒကာမတွေပဲ . . . (မှန်ပါ့)၊ ဒီဘဝတွင်တောင် ကိစ္စပြီးစီးနိုင်တယ်ဆိုရင် ပြီးစီးနိုင်ပါကလားလို့ ဆုံးဖြတ်ချက်ချလိုက်၊ သူခုမြင်တာကိုးဗျ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိုယ်ဟာ ဒီဘဝတွင် ကိစ္စပြီးနိုင်တယ်၊ မပြီးနိုင်ဘူးဆိုတာကို သူများမမေးပါနဲ့ ရုပ်ကလေးတွေ၏ ဒီနေရာ ပူတာကလေး၊ ပူတာကလေး မရှိတာသိပါ (မှန်ပါ့)။

ရုပ်ကလေးတွေ၏ တောင့်တင်းတာကလေးဟာ ဖျတ်ဆို တောင့်တင်းတာကလေး ပျောက်သွားတယ်၊ အေးတာကလေးလည်း ဒီနေရာတွင် ပျောက်သွားတယ်၊ အဲဒီလို မြင်နိုင်လို့ရှိရင် ဒီဘဝတွင် တိဟိတ်မှ မြင်နိုင်တယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒွိဟိတ်က ဘယ်လိုပဲ အာပေါက်အောင် အားထုတ် မမြင်ဘူး သူက (မှန်ပါ့) ပါရမီဖြည့်ရုံပဲရမယ် (မှန်ပါ့) ဒါဖြင့် တိဟိတ်မှ မြင်တယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

## တိဟိတ်ဉာဏ်မို့လို့မြင်တာ

ဒါဖြင့် သိမ်မွေ့တာကို ဘယ်သူမှ မြင်နိုင်ပါလိမ့် (တိဟိတ်မှ မြင်နိုင်ပါတယ်) အဲ. . . တိဟိတ်ဉာဏ်မှ မြင်မယ် ဆိုတာ ဦးခင်မောင်တို့ကို ဆုံးဖြတ်ချက်ချပေးတာပဲ (မှန်ပါ့)။

အဲဒါကို မြင်ပြီး တပည့်တော်တို့ ရုပ်ကလေးတွေပဲဘုရား အထည်မရှိဘူးဘုရား၊ ဒီနေရာမှာ ခုနင်က အေးရုပ်ကလေးတော့ ပေါ်တာပဲ၊ အေးရုပ်ပျောက်တာပဲ၊ အထည်တော့ တပည့်တော် မတွေ့ပါဘူး (မှန်ပါ့) ပေါ်တုန်းကလည်း အထည်မရှိပါဘူး၊ အေးတာကလေး သဘောကလေးပဲ ပေါ်တယ်၊ နောက်လည်း ဒီသဘောကလေးပဲ ပျောက်သွားတယ်ဘုရား ဆိုလို့ရှိရင်၊ အဲဒီလိုမြင်လို့ရှိရင် ဒါတွေဟာ ဒကာဒကာမတို့ တိဟိတ်လို့ ဆုံးဖြတ်ချက်ချ ကိုယ့်ကိုယ်ကို . . . (မှန်ပါ့) တိဟိတ်လို့ ဆုံးဖြတ် ချက် အချခိုင်းတာ တခြားကြောင့် မဟုတ်ပါဘူး ဒကာဒကာမတို့ ဒီဘဝတွင်ပင် ကိစ္စပြီးစီးနိုင်တဲ့ ပုဂ္ဂိုလ်မို့ ဒီအမြင်မြင်တာလို့ မှတ်ပါ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (ဒီဘဝတွင်ပင် ကိစ္စပြီးစီး နိုင်မည့် ပုဂ္ဂိုလ်မို့ ဒီအမြင် မြင်တာပါဘုရား)။

## ဒုက္ခခပ်သိမ်းငြိမ်းမည့်ဘဝ

အဲဒီတော့ မိမိသည် ဆရာဘုန်းကြီးကလည်း ပော

နေတယ်၊ မိမိတို့ကလည်း နေ့တိုင်းပဲ ကြိုးစားကြတယ်၊ ဟာ . . . ကုသိုလ်ဖြစ်ရုံတင် ဒီဘဝပြီးမှာလား၊ ဒီဘဝတွင်ပဲ ငါသည်ကား လို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းမှာလား၊ သူများကို မမေး နဲ့တော့ ဒီအမြင်ရလို့ရှိရင်၊ ဟာ ဒီဟာ ဒုက္ခခပ်သိမ်း ငြိမ်းမည့် ဘဝ (မှန်ပ့ါ) ဒီလိုကို ဆုံးဖြတ်ချက်ချပါ (မှန်ပ့ါ)။

ဒီလိုဖြစ်အောင် ကြိုးစားကြမယ်လို့ စိတ်ထဲမှာလည်း ထားကြပါ (မှန်ပ့ါ) ဦးခင်မောင် ဒါ အရေးကြီးတဲ့ ဆုံးဖြတ်ချက် ချပေးနေတာဗျ (မှန်ပ့ါ)။

အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချပေးနေတယ် ဒကာ ဒကာမတို့ ပေ့ါပေ့ါတန်တန်နဲ့ မမှတ်နဲ့နော် (မှန်ပ့ါ) သိမ်မွေ့တဲ့ ဖြစ်ပျက်ကလေးတွေ မြင်လို့ရှိရင် ကိုယ့်ကိုယ်ကို ဘယ်လို ဆုံးဖြတ်ချက်ချမလဲ . . . (ဒီဘဝတွင်ပင် မဂ်ဖိုလ်ရနိုင်ပါတယ်) ဒီဘဝတွင်ပင် ဒုက္ခခပ်သိမ်းငြိမ်းမယ်၊ ဒီဘဝတွင်ပင် နိဗ္ဗာန်ရ နိုင်တယ် (မှန်ပါ) ဘယ့်နှယ်ကြောင့် ရပါလိမ့်တုံးဆိုတော့ တိဟိတ်အဖြစ် ထင်ရှားလို့ (မှန်ပ့ါ)။

ဘယ်လိုပါလိမ့် (တိဟိတ်အဖြစ် ထင်ရှားလို့ပါ) ဩော် တိဟိတ်အဖြစ် ထင်ရှားလို့ဆိုတော့ အဲဒါကို ကိုယ့်ဟာကိုယ် ကျွတ်တမ်းဝင်မည့်ဘဝဆိုတာ ဒီအမြင်က သက်သေခံပါလိမ့် မယ် (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း . . . ကျွတ်တမ်းဝင်နိုင်တယ်, မဝင်နိုင်ဘူးဆိုတာ

ဒီပြင်သွားမေးနေဖို့ မလိုပါဘူး၊ မေးလို့ရှိရင်လည်း သူများက ရမ်းပြောရတော့ လွဲသွားနိုင်တယ် (မှန်ပါ့) ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချရမှာပါ (မှန်လှပါ)။

ဦးခင်မောင်သူများသွားမေးလို့ ခင်ဗျားဉာဏ်ကို ဘယ်သူက သိနိုင်မှာတုံး (မသိပါဘုရား) မသိနိုင်ဘူးတဲ့၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့ တရားသည် မနေ့က ရှုနည်းကို ရုပ်, နာမ်ကို ရှုပါလို့ ပြောခဲ့တယ် . . . (မှန်ပါ့)။

## ဒီဘဝကိစ္စပြီးနိုင်မည့်ပုဂ္ဂိုလ်

ရုပ်, နာမ် ဘယ်လိုမြင်မှ တပည့်တော်တို့သည် ဒီဘဝ ကိစ္စပြီးနိုင်မည့်ပုဂ္ဂိုလ်လို့ ဆိုတာ၊ ဘယ်လိုဆုံးဖြတ်ချက်ချရမှာတုံးဆိုတော့ သိမ်မွေ့တဲ့ ဖြစ်ပျက်မြင်မြင်၊ မြင်လို့ရှိရင်ဖြင့် ရုပ်၏ ဖြစ်ပျက်မြင်မြင်၊ နာမ်၏ဖြစ်ပျက်မြင်မြင်၊ မြင်ချင်တာမြင်၊ ဩော် . . . ငါဖြင့်မြင်ပြီ၊ ဒီဘဝ တိဟိတ်ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် ဆက်လက်ကြိုးစား အားထုတ်ရင်ဖြင့် ကျွတ်တမ်းဝင်မှာကိုဖြင့် အလုပ်က သက်သေခံပါပေါ့လို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချ (မှန်ပါ့)။

သူများတောင် သွားမေးမနေနဲ့၊ မေးရင် မှားချင်မှား ဦးမယ် (မှန်ပါ့) မေးရင်တော့ တွေးလုံးဆ, လုံးနဲ့ပြောမှာ ကိုးဗျ (မှန်ပါ့)။

ဒါက ကိုယ်တိုင် တိဟိတ်, ဒွိဟိတ်သိဖို့ ဆုံးဖြတ်ချက် ချပေးတဲ့နည်း (မှန်ပါ့) ဒီလို ဆုံးဖြတ်နိုင်ရန် နည်းလမ်း . . တဲ့၊ ဆရာသမားနဲ့လည်း တွေ့ပြီဆိုတော့။ ဆရာသမားပြောတဲ့ အတိုင်း တပည့်တော်တို့ဖြင့် ဒီအတိုင်းမြင်ပါ့မယ်ဘုရားလို့ ဆိုလို့ရှိရင်ဖြင့် လုံ့လဝီရိယမလျော့ပဲနဲ့ အချိန်မှန်မှန်ကလေး ထားတဲ့ပြီး ကြိုးစားလိုက်လို့ ရှိရင်၊ ဩော် . . . ဒီဘဝသည် သာမညဘဝ မဟုတ်ပါကလား၊ ဒုက္ခခပ်သိမ်း ငြိမ်းနိုင်မည့်ဘဝ (ဝါ) နိဗ္ဗာန်ရောက်နိုင်မည့်ဘဝဟာ အလုပ်က ပြောနေပါပေ့ါ လားလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သူများပြောနဲ့ အလုပ်ပြောကို ဘယ်ဟာကို ခင်ဗျားတို့က အယုံအကြည်ပိုရမှာတုံး (အလုပ်အပြောကို အယုံအကြည်ပိုရမှာပါဘုရား)။

အဲ. . . ဒါဖြင့် အလုပ် လုပ်ကြည့်မှ ပြောနိုင်လိမ့်မယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဖြစ်စေဆိုရုံနဲ့ ဖြစ်မလာဘူး

ဆုကလေး တောင်းနေရုံလောက်နဲ့ဖြင့် ကိုယ့်ကိုယ် ကိုတောင် ဆုံးဖြတ်ချက် မချနိုင်ဘူး (မှန်ပါ့) ဆုတောင်းတာက ဘယ်တော့များ ရမယ်ဆိုတာလည်း ဖြစ်စေဆိုရုံနဲ့ ဦးခင်မောင်

အခက်သားပဲ (မှန်ပါ့) ဘယ်သူက ပေးပေးဖြစ်စေဆိုရုံနဲ့ ဖြစ်မယ်လို့ ထုံးစံမရှိဘူး (မှန်ပါ့) ရှိကြရဲ့လား . . . (မရှိပါဘုရား) ကဲ . . . သဘောပါကြပလား (ပါ, ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်အကြောင်း ကိုယ်သိအောင် ဒကာဒကာမတွေ စမ်းကြည့်ကြတာပေါ့ . . . (မှန်ပါ့) ဘယ်လို လုပ်ကြမယ် (စမ်းရမှာပါဘုရား)။

## ဖြစ်ပျက်ရှုပြီး စမ်းကြည့်ရမယ်

ဖြစ်ပျက်ရှုပြီး စမ်းကြည့်ရမယ် . . . (မှန်ပါ့) ရုပ်ခန္ဓာဖြစ်ပျက်ကို တွေ့အောင်ရှုနိုင်ရင်လည်း တိဟိတ်ပဲ၊ ဒီဘဝတွင် ကျွတ်တမ်းဝင်နိုင်တာပဲ . . . (မှန်ပါ့) နာမ်ဖြစ်ပျက်ကို ရှုစမ်းကြည့်လိုက်ပါ၊ သူ့ကိုလည်း တွေ့တာပဲ၊ ဖြစ်တဲ့တရားလေးဟာ မရှိတာ သိလိုက်သားပဲ၊ ဒီလိုသိလိုက်လို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဒီဘဝတွင်ပင် ကျွတ်တမ်းဝင်နိုင်တဲ့အဖြစ်ကို ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာနဲ့ပဲ ပြောနေပါပြီ (မှန်ပါ့)။

ကိုယ့်ခန္ဓာကလည်း ဖြစ်ပျက်ပြတယ်၊ ကိုယ့်ဉာဏ်ကလည်း မြင်ပါတယ်လို့ ပြောနေတော့၊ ဆရာမမေးပါနဲ့တော့၊ ဘယ်သူ့ထံမှလည်း စုံစမ်းမနေပါနဲ့တော့၊ ကိုယ့်အရေးဟာ ပြီးနိုင်တဲ့အရေးလို့သာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## ဆုတောင်းနေရုံနဲ့တော့ တာဝန်မခံနိုင်

ဒါဖြင့် ဒီအရေးဟာ သေးသေးကွေးကွေးလို့ မမှတ်ပါနဲ့လို့ ပြောလိုက်ပါတယ် . . . (မှန်ပါ့) နိဗ္ဗာန်ရောက်ရပါလို၏-လို့ ဆုတောင်းနေရုံနဲ့တော့ ဘုန်းကြီးတာဝန်မခံနိုင်ဘူး (မှန်ပါ့) ဒီလိုမြင်လာတယ်ဆိုရင် ရနိုင်ပါလိမ့်မယ်လို့ တာဝန်ခံတယ် (မှန်ပါ့)။

နိဗ္ဗာန်ရ၊ ရပါလို၏လို့ ဒကာဒကာမတွေက ဆုတောင်းရုံတောင်းနေလို့ရှိရင်ဖြင့် ဘယ်တော့ ဘယ်ကာလမှ ရလိမ့်မယ်လို့ မပြောနိုင်ဘူး (မှန်ပါ့) ပြောနိုင်ပါ့မလား (မပြောနိုင်ပါဘုရား)။

## ဘုရားဟောထားတာရှိတယ်

ဒီဟာမြင်လို့ရှိရင်တော့ ဒကာဒကာမတွေ ဒီဘဝဇာတ်သိမ်းနိုင်တယ်လို့ ပြောနိုင်ပါတယ် (မှန်ပါ့)။

အဲဒီတော့ကို ဘုန်းကြီးကလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာတွေကို ဥဒယဗ္ဗယဉာဏ်သာ ခရီးပေါက်ရင် နေရာကျပါတယ်လို့ ပြောထားတာ၊ ဓမ္မပဒ ပါဠိတော်မှာ လုံလောက်အောင် အကိုးအကားတွေ၊ ဘုရားက ဟောထားတာရှိတာနဲ့ ဒကာဒကာမတွေကို၊ ဩော် . . . သူတို့ဟာကိုယ့်အတွက်တော့ဖြင့် ဘယ်အချိန်မဆို စဉ်းစားကြမှာပဲ၊ ငါသည်ကားလို့ဆိုရင် ဘာများဖြစ်မှာပါလိမ့်၊ နိဗ္ဗာန်မှရပ့ါမလား၊

ဒီလိုသံသယတွေ ရှိနေမှာတွေကို ဘုန်းကြီးက မြင်တဲ့အတွက်၊ အင်း . . . ဒကာဒကာမတွေ ကိုယ့်ကိုယ်ကို စစ်ဆေးလိုက်၊ သူများမစစ်ဆေးနဲ့ ဟုတ်ပလား (မှန်ပါ့)။

ကိုယ့်ကိုယ်ကို စစ်ဆေးလိုက်တော့ ဥပမာမယ် ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ လက်မောင်းလေးတစ်ခုကို ဘယ်ဘက်လက်မောင်းကလေး တန်းထားပါ ဒကာဒကာမတွေနော်. . . (မှန်ပါဘုရား)။

လက်ညှိုးကလေးနဲ့လက်သည်းကလေးနဲ့ ခြစ်ကြည့်စမ်းပါ၊ စမ်းကြည့်တဲ့ အခါကျတော့ နာတဲ့ နာမ်ဝေဒနာကလေးဟာ ဒကာဒကာမတို့ ထိတဲ့နေရာမှာပေါ်ပြီး ပျောက်ပျောက်သွားတယ်၊ ရွှေ့ထိတဲ့နေရာမှာ ဆက်ပေါ် နောက်က ပျောက်လိုက်၊ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။

ဒါတွေသည်ကားလို့ဆိုလို့ရှိရင် ဘယ်သူပျောက်သွားပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့်၊ ဒါကလေးတွေဟာနာတဲ့ နာမ်ကလေးတွေ ပျောက်ပျောက်-ပျောက်ပျောက်သွားတာဟာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

လုပ်ပြီးတော့ ရှုကြည့်စမ်းပါ ဒါကို (မှန်ပါ့) လက်ညှိုးကလေးနဲ့ လက်မောင်းကို တန်းဆွဲကြည့်ပါ၊ ပထမဆွဲတဲ့ နေရာကနာပြီး ရှေ့နားဆွဲသွားတော့ သူရှိသေးရဲ့လား (မရှိပါဘုရား)။

## ဒီနေရာပေါ်ပြီး ဒီနေရာမှာပျက်တယ်

ဪ . . . ဒီနေရာတွင်ပေါ် ဒီနေရာတွင် ပျောက်တယ်၊ ရှေ့မလိုက်ဘူး (မှန်ပဲ့) လိုက်သေးရဲ့လား (မလိုက်ပါဘုရား) တစ်ခါရွှေ့ဆွဲတဲ့နေရာကလည်း ရှေ့ကိုတိုးပြီး ဆွဲလိုက်ပြန်တော့ ခုနင်က နာတာကလေးဟာ ရှိသေးရဲ့လား (မရှိပါဘုရား)။

အင်း . . . ပျောက်သွားတာပဲ (မှန်ပဲ့) ပေါ်တုန်းကလည်း ဒီနေရာမှာ ပေါ်တယ်၊ ပျောက်တော့ကော (ဒီနေရာမှာ ပျောက်ပါတယ်ဘုရား)။

ဒါကို မမြင်ဘူးလို့ ဆိုရမှာလား၊ ဟောဒီနေရာမှာ နာတယ်၊ ဒီနေရာမှာ မရှိတော့ဘူး၊ ဒီနေရာမှာ နာပြန်ပြီ၊ ဒီနေရာမှာ မရှိတော့ဘူး (မှန်ပါ) ဒါ . . . ကိုယ့်ကိုယ်ကိုယ်တိုင် စစ်ဆေးမေးမြန်းပြီးသကာလ လုပ်ရှုကြည့်တောင်မှပဲ၊ ဪ . . . ဖြစ်ပြီးပျက်နေတယ်ဆိုတာ သေချာပါတယ် (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## နာမ်ဆိုတာ တွေးလုံးချည်းပဲ

တစ်ခါ၊ ဟာ . . . တပည့်တော် တွေးလုံးနဲ့ပဲ နာမ်ဆိုတာ တွေးလုံးချည်းပဲ မှတ်ရမယ်နော် (မှန်ပဲ့) မနောကံနာမ်ဆိုတာ တွေးလုံးချည်းပဲ ဦးဘတင် (မှန်ပါ)။

အဲဒါကြောင့် အင်း . . . အနံ့ကလေး နံတယ်၊ ဒီအနံ့

ကလေးနံ့တဲ့အခါကျတော့ ဒီဟင်းကလေးစားချင်လိုက်တာ၊ စားချင်လိုက်တာဆိုပြီး စားချင်တဲ့စိတ်ကလေးဟာ ပျောက်သွားတယ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) သွားတောင်းဦးမယ်ဆိုတဲ့ စိတ်ကလေးဟာလည်း တောင်းတော့ ရှိသေးရဲ့လား (မရှိပါဘုရား)။

သွားတောင်းချင်တာကလေးက ဒီနေရာက တောင်းချင်တာ၊ သွားတဲ့အခါကျတော့ သွားစိတ်သာရှိတယ်၊ တောင်းစိတ်မရှိဘူး (မှန်ပါ့ဘုရား) မပျက်ဘူးလား။ ပျက်သလား (ပျက်ပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်တာရုပ်နာမ်ကပြောတာ

ပေါ်ကော မပေါ်ဘူးလား (ပေါ်ပါတယ်) ပေါ်လည်း ပေါ်တယ်ဆိုတဲ့ အမိပ္ပာယ်က ကောင်းကောင်းရှင်းနေတော့၊ ဒကာဒကာမတို့ ဒါကလေးတွေကို ခင်ဗျားတို့က၊ ဩော် . . . ဖြစ်ပြီး ပျက်တယ်ဆိုတဲ့ တရားဟာ ဆရာပြောလား ရုပ်နာမ်ကပဲ ပြောနေသလား (ရုပ်, နာမ်ကပဲ ပြောနေပါတယ်ဘုရား)။

ဒကာဒကာမတို့ ရှင်းပလား (ရှင်းပါပြီဘုရား) ဘယ်သူက ပြောပါလိမ့် (ရုပ်, နာမ်က ပြောပါတယ်ဘုရား)။

ဩော် . . . ရုပ်, နာမ်က ပြောနေတော့ ကိုယ့်ရုပ်, နာမ်လို့ပဲ ဆိုကြမလား၊ ဖြစ်ပျက်ရုပ်နာမ်လို့ပဲ ဆိုကြမလား (ဖြစ်ပျက်ရုပ်, နာမ်ပါဘုရား)။

## ငါ့ကိုယ်ငါ့ဟာတော့ မဟုတ်ဘူး

ဖြစ်ပျက် ရုပ်, နာမ်လို့ သိနေတာက ကိုယ့်ရုပ်, နာမ် မဟုတ်တာတော့ ဘုန်းကြီးက ဖယ်စရာမလိုပါဘူး . . . (မှန်ပါ့) ငါ့ကိုယ်ငါ့ဟာတော့ မဟုတ်တော့ဘူး၊ ဖြစ်ပျက်နေတာတော့ ဟုတ်တယ်၊ ငါ့ကိုယ်, ငါ့ဟာတော့ . . . (မဟုတ်ပါဘုရား)။

ဦးဘတင် . . . သိပ်အဖိုးတန်ပါတယ် . . . (မှန်ပါ့) ဒီတစ်လုံးတည်းပဲ၊ ဒကာဒကာမတို့ အများကြီး အဖိုးတန်သွား ပြီ . . . (မှန်ပါ့ဘုရား)။

ကိုယ့် နာမ်,ရုပ်မဟုတ်ဘူး၊ ဘာပါလိမ့် . . . (ဖြစ်ပျက် နာမ်ရုပ်ပါဘုရား) အဲ . . . ဖြစ်ပျက် နာမ်ရုပ်ပဲဆိုတော့ ဖြစ်ပြီး ပျက်တဲ့ရုပ်နာမ်ဟာ ပါဠိလိုသုံးရင် အနိစ္စရုပ်နာမ်၊ မြန်မာလို ပြောရင် ဖြစ်ပျက်ရုပ်နာမ် . . . (မှန်ပါ့)။

သြော် . . . ဒါဖြင့် ဒီဖြစ်ပျက်ကိုပင်လျှင် ကိုယ်ကိုယ်တိုင် ဉာဏ်ကလေးနဲ့ တွေးပြီးသကာလ ကြည့်လိုက်တဲ့အခါကျတော့ . . . သြော် . . . ကိုယ်ရုပ်, နာမ်မဟုတ်ကြောင်းကို ရုပ်, နာမ်က ပြောနေပါကလား . . . (မှန်ပါ့)။

## ပင်ကိုယ်သဘောက ဖြစ်ပျက်ပါ

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . . (ကိုယ့် ရုပ်, နာမ်, မဟုတ်ကြောင်းကို ရုပ်-နာမ်ကပဲ ပြောနေပါတယ်ဘုရား)။

ကျုပ်တို့ကို ခင်ဗျားတို့က ကိုယ်ပိုင်ပစ္စည်းရယ်လို့ မထင်လိုက်ပါနဲ့၊ ကျုပ်ပင်ကိုယ်သဘောက ဖြစ်ပျက်ပါလို့ ပြောနေပါလျက်သားနဲ့၊ ဒကာဒကာမတွေက ကြက်ကန်းဆွဲ, ဆွဲပြီး ဒါငါပဲတော့ မလုပ်ထိုက်ဘူး . . . (မှန်ပါ့) လုပ်ထိုက်ပါ့မလား (မလုပ်ထိုက်ပါဘုရား)။

ဖြစ်-ပျက်နေတာ အမှန်ပြောပါလျက်သားနဲ့ ဒါ-ငါပဲဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့က ငါ . . . စွဲတဲ့အချိန်မှာ ဟိုမှာမရှိတော့ဘူး . . (မှန်ပါ) ခင်ဗျားတို့ ငါစွဲတဲ့အချိန်မှာ ဖြစ်ပျက်ကလေး ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဩော် . . . ဒါဖြင့်မရှိတုန်း စားချင်တဲ့ ဒကာဒကာမတွေမရှိတာကို ငါ့ဟာလို့ ပြောနေတာလောက်၊ လောကမှာရယ်စရာကောင်းတာ ဘယ်မှာရှိပါလိမ့်မတုံး . . . (မရှိပါဘုရား)။

ဘာပြောနေတာနဲ့ တူသတုံး (မရှိတာကို ငါ့ဟာလို့ပြောနေတာနဲ့ တူပါတယ်) မရှိတာကို ငါ့ဟာဆိုတော့ ပါးစပ်ကထွက်ကတည်းက အရှုံးပဲဗျ . . . (မှန်ပါ့)။

မရှိတာကို ငါ့ဟာလို့ ဦးဇင်းတို့တွက်ရင် ဘယ့်နှယ်ဆိုပ့ါမလဲ (အရှုံးပါဘုရား) ဒီလိုပဲ မကျဘူးလား . . . (ကျပါတယ်ဘုရား)။

## ရုပ်နာမ်က ဘယ်လိုပြောသတုံး

ကဲ . . . ဒါဖြင့် ရုပ်, နာမ်က ဘယ်လိုပြောသတုံးဆိုလို့ ရှိရင် ဘယ်လိုဖြေကြမတုံး (ဖြစ်ပျက်လို့ ပြောပါတယ်) ဖြစ်ပျက် လို့ ပြောနေကတည်းက ခင်ဗျားတို့က ငါ-ဝင်မရှုပ်စေနဲ့တော့ (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ (ဖြစ်ပျက်ထဲ ငါ-ဝင်မရှုပ် စေနဲ့ပါဘုရား) ငါ ဝင်ရှုပ်လိုက်သည်နဲ့ တစ်ပြိုင်တည်းမရှိတာ ဟာ ငါ့ဟာပဲဆိုတာ ထွက်လာလိမ့်မယ် . . . (မှန်ပါ့)။

ဖြစ်ပျက်ထဲမှာ ငါ ရှုပ်လိုက်ရင် . . . (မရှိတာဟာ ငါ ထွက်လာလိမ့်မယ်) ဟာ . . . ဒီလိုတော့ မရှုးပါနဲ့ဗျာ (မှန်ပါ့ ဘုရား) ဦးဘအုန်း ရှုးလို့ တော်ပါ့မလား . . . (မတော်ပါဘုရား)။

မရှိတာ ငါ့ဟာဆိုတဲ့စကားဟာ လောကသုံးစကား တောင် ဟုတ်ရဲ့လား . . . (မဟုတ်ပါဘုရား) ကျန်တာ ငါ့ဟာ ဆိုရင်ဖြင့် လောကမှာ သုံးကြပါသေးတယ် (မှန်ပါ့) မရှိတာ ငါ့ဟာပဲ ဆိုတာတော့ . . . (မသုံးကြပါဘုရား)။

အဲဒါ ခင်ဗျားတို့က လောကသုံးထဲလည်း မဝင်တော့ ဒါဟာ စိတ်မနှံ့တဲ့ပုဂ္ဂိုလ်၏ အသုံးဖြင့် ဖြစ်ချင်ဖြစ်မယ် (မှန်ပါ့) စိတ်နှံ့တဲ့ပုဂ္ဂိုလ်ဖြစ်ရင်ဖြင့် ကိုမြရွှေတို့ ဒီအသုံးကို သုံးပါ့မလား (မသုံးပါဘုရား)။

## 'ငါ' အဖြုတ်ခိုင်းတာ

ကိုင်း . . . ဒါဖြင့် မသုံးပါနဲ့ဆိုတဲ့စကားကလေးဟာလည်း ဒကာ ဒကာမတွေက သေးသေးသိမ်သိမ်မမှတ်ပါနဲ့ (မှန်ပါ့) မသုံးပါနဲ့ဆိုတာ ငါ-အဖြုတ်ခိုင်းနေတာ (မှန်ပါ့)။

မသုံးပါနဲ့ဆိုတာဘာတဲ့ . . . (ငါ အဖြုတ်ခိုင်းနေတာပါဘုရား)။

ဘုန်းကြီးက အဖြုတ်ခိုင်းလို့ ဖြုတ်ရတာလို့ မယူလိုက်ပါနဲ့၊ ရုပ်, နာမ်က မင်းတို့ဟာမဟုတ်ဘူးလို့ ပြောနေလို့ကို ဖြုတ်လိုက်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရုပ်, နာမ်က ဘယ်လိုပြောသတုံး (မင်းတို့ဟာ မဟုတ်ဘူးလို့ ပြောပါတယ်ဘုရား) ဖြစ်ပျက်ပါကွ . . . တဲ့၊ ဖြစ်ပြီးပျက်တာပဲတဲ့၊ မင်းတို့နဲ့ ဘာမှမဆိုင်လို့ ဖြစ်ချိန်ဖြစ်လိုက်တာပဲ၊ ပျက်ချိန် ပျက်လိုက်တာပဲ၊ မင်းတို့က သူ့သဘောနဲ့သူဖြစ်ပြီး သူ့သဘောနဲ့သူ ပျက်နေတဲ့ သဘောကလေးကို မင်းတို့က အလကားနေရင်း အရမ်းဆွဲ၊ ကြက်ကန်းဆွဲ၊ လိပ်ကမ်းဆဲ့ ဆွဲသလို၊ တဏှာဆွဲ-ဆွဲသလို မင်းတို့က ငါ့ကိုယ်, ငါ့အိမ်, ငါ့ဥစ္စာတော့ လုပ်မနေပါနဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

လုပ်စရာကောပါရဲ့လား (မပါ-ပါဘုရား) မပါ-ပါဘူး ဒကာဒကာမတို့ မပါကြောင်း ဘယ်သူက ပြောသတုံး (ရုပ်နာမ်က ပြောပါတယ်ဘုရား)။

ဒါဖြင့် ရုပ်, နာမ်က ပြောတော့ကို ဩော် . . . ငါ့ကိုယ်, ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ကြောင်းလည်း ထင်ရှားလိုက်တာလို့ ဉာဏ်က ဆုံးဖြတ်ချက်ချလိုက် . . . (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ကြောင်းလည်း ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

## သူ့သဘောနဲ့သူ ဖြစ်ပျက်နေတယ်

ဒါဖြင့် အာရုံ အာရမ္မဏိက သဘောအားဖြင့် ရုပ်နာမ်က တခြား၊ ဉာဏ်ကတခြား ဖြစ်မလား မဖြစ်ဘူးလား (ဖြစ်ပါတယ်) ရုပ်နာမ်က သူ့သဘောနဲ့သူ ဖြစ်ပျက်နေတယ်၊ ဉာဏ်ကလည်း သူ့သဘောနဲ့သူ ဖြစ်နေတာကလေးကို၊ ဩော် . . . ငါ့ဟာ မဟုတ်လည်း သဘောကလေးပေါ်လိုက်လို့ ဉာဏ်ကဆုံးဖြတ်ချက်ချနေတာပါ (မှန်ပါဘုရား)။

ဤကဲ့သို့ ဉာဏ်ကဆုံးဖြတ်ချက်ချတော့ကို၊ ဘယ်အခ်ပ္ပာယ်ကျအောင် ရောက်သွားသတုံးဆိုရင် ပရတော စတဲ့ တောလေးဆယ်ဟာ တစ်ခါတည်း ရောက်လာတယ် (မှန်ပါ့) ဦးဘတင် ရောက်လာပြီနော် (ရောက်ပါတယ်ဘုရား) ပရတော သူစိမ်းပြင်ပြင် ရှုရမှာကိုးဗျ . . . (မှန်ပါဘုရား)။

## သူစိမ်းပြင်ပြင်ရှုရမှာ

ရုပ်နာမ်တွေ ဖြစ်ပျက်နေတာ၊ သူစိမ်းပြင်ပ သူ့သဘောနဲ့ သူဖြစ်ပြီး သူ့သဘောနဲ့သူ ပျက်နေတာကို၊ ဩော် . . . သူစိမ်း ဖြစ်နေတာကိုးလို့ဆိုတာ မသိရသေးဘူးလား (သိရပါတယ်) ပရတောလို့ ရှုတဲ့ဉာဏ်ကလေးက၊ ပရတော ဒါဟာ သူစိမ်း ပြင်ပကလေးပဲလို့၊ ဉာဏ်ကလေးက ဒီလို အသံထွက်မလာ ပေဘူးလား (ထွက်လာပါတယ်ဘုရား)။

ဒီလို အသံထွက်လာတဲ့အခါကျတော့ ခုနင်က ငါ့ကိုယ် ငါ့ဟာဆိုတဲ့ ဒိဋ္ဌိတွေ, တဏှာတွေ ဘယ့်နှယ်နေသတုံး (ပြုတ် ထွက်သွားပါတယ်) ဒိဋ္ဌိ, တဏှာ ပြုတ်သွားတယ် ဆိုသဖြင့် ဒိဋ္ဌိ, တဏှာပြုတ်ရင် ဥပါဒါန်ပြုတ်၊ ဥပါဒါန်ပြုတ်ရင်တော့ ကံပြုတ်၊ ဇာတိပြုတ်၊ မရဏပြုတ်၊ မပြုတ်သေးဘူးလား . . . (ပြုတ် ပါတယ်) တယ်လည်း အဖိုးတန်ပါလား . . . (တန်ပါတယ် ဘုရား)။

## ဘယ်တော့အမြင်မှန်ဖြစ်မှာလဲ

အဲ . . . ခင်ဗျားတို့ ရုပ်နာမ်ကို အမြင်မှန်မြင်အောင် တပည့်တော်တို့ကို ဆုံးဖြတ်ချက်ချပေးစမ်းပါဦး၊ တပည့်တော်တို့ အမြင်မှန်ဟာ ဘယ်လိုအခြေအနေရောက်မှ၊ အမြင်မှန်သည် စစ်စစ်ကြီး ဖြစ်ပါသလဲလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဒီလို

ကြည့်ရင်ရမယ် ဒကာဒကာမတို့ လေတိုက်နေတဲ့အခါ သစ်ပင်တွေဟာ မလှုပ်ကြဘူးလား , . . (လှုပ်ပါတယ်ဘုရား)။

ဒီကနေ ကြည့်လိုက် ကိုယ့်အိမ်နဲ့လည်း အဝေးကြီး လေတိုက်လို့ လှုပ်နေတယ် . . . (မှန်ပါ့) ဪ . . . သူ့လေနဲ့ သူ့အရွက်နဲ့ လိုက်ပြီးလှုပ်နေတာကို ခင်ဗျားတို့က မမြင်ပေဘူးလား . . . (မြင်ပါတယ်) လေကလည်း တိုက်တယ်၊ သစ်ရွက်တွေကလည်း လှုပ်တယ် . . . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေက ကိုယ့်အိမ်နဲ့လည်း အဝေးကြီး ကိုယ့်ရွာနဲ့လည်း အဝေးကြီး ဖြစ်နေတော့ ဪ . . . ဒါဟာ သူ့သဘောနဲ့သူပဲကိုးလို့ သဘောမထားနိုင်ဘူးလား . . . (ထားနိုင်ပါတယ်) ကဲ. . . သူ့သဘောပဲ ထားလိုက်တော့ ကိုယ်နဲ့ မဆိုင်တာက ထင်ရှားတယ် (မှန်ပါ့) မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

## ကိုယ်နဲ့ဘာမှမဆိုင်ဘူးလို့ မြင်ပါ

ဒီမှာလည်း ရုပ်နာမ်က ဖြစ်ပျက်ပြနေတော့ ခုနင်က လေတိုက်လို့ သစ်ပင်လှုပ်သလို ကိုယ့်ခန္ဓာကြည့်ပြီး ဪ . . . ဒါဟာ သူ့သဘောပဲကိုး၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူးလို့ ဒီအတိုင်း မြင်ကြရမည် . . . (မှန်ပါ့) ဒီအမြင်ဆိုရင် ပရတောကိုက်ပြီ (မှန်ပါ့) ဒီအမြင်ဆိုရင် ပရတောကိုက်ပြီ ဒကာဒကာမတို့ ပရတော

ဆိုတာ သူစိမ်းပြင်ပမြင်သလို မြင်ရမှာကိုး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုမြင်မှာပါလိမ့် (သူစိမ်းပြင်ပမြင်သလို မြင်ရမှာပါ) ဦးခင်မောင် အလုပ်တရားပြောနေရတော့ ခပ်ဖြည်းဖြည်းနဲ့ ထင်လွယ်အောင် ပြောနေရတယ် (မှန်ပါ့) ဒီဥစ္စာက အမြင်မှန် ရောက်အောင် ပြောနေရတယ် (မှန်ပါဘုရား)။

အဲဒီတော့ ဒကာဒကာမတို့နဲ့ မိမိနဲ့အတူတကွ ဒီဇာတ် ရှေ့မှာ ရောက်လာတဲ့ ရုပ်နာမ်ကို သစ်ပင်လှုပ်တာကို ဘာမှ ကိုယ်က ကြောက်လည်းမကြောက်ဘူး၊ ဝမ်းလည်းမသာဘူး (မှန်ပါ့ဘုရား)။ သစ်ပင်ဟာ သူ့ဟာသူ လေတိုက်လို့ လှုပ်နေ တော့ အနီးမှာ ရှိနေတဲ့ သစ်ပင်လှုပ်နေတော့ ကြောက်ကော ကြောက်သေးရဲ့လား (မကြောက်ပါ) ဝမ်းကော သာသေးရဲ့လား (မသာပါဘုရား)။

ဘယ်လိုဖြစ်သတုံးဆိုတော့၊ ဩော် . . . သူ့ဟာသူ ဖြစ်ပြီး သူ့ဟာသူ လှုပ်နေတာပဲဆိုတော့၊ ဒါဟာ သူစိမ်းသဘော ကြည့်တာပဲမဟုတ်လား (မှန်ပါ့) ကိုယ့်သစ်ပင်ပဲဆိုရင်တော့ ကျိုးမှာစိုးရိမ်တယ် (မှန်ပါ့ဘုရား)။

ကိုယ့်သစ်ပင်ကို မဟုတ်ဘူး၊ ခပ်ဝေးဝေးမှာရှိတဲ့ သစ်ပင် တွေကြည့်ရတာ (မှန်ပါ့) ခင်ဗျားတို့ တဏှာကလည်း ဟိုချောင် ကပ် ဒီချောင်ကပ် တော်တော်များတယ်၊ ဒါကို ဖော်ပြောနေတာ (မှန်ပါ့) ဖော်မပြောရင်လည်း မရဘူး (မရပါဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တဲ့အကြည့်

ကိုယ့်အိမ်ရှေ့က သစ်ပင်လှုပ်နေရင် ကျိုးများသွားချည် မလား လာချင်လာဦးမှာ (မှန်ပဲ့) အခုဟာ မဆိုင်တဲ့ သစ်ပင် လှုပ်နေတဲ့ဥစ္စာကို ဘာမဆိုင်သလို ဒီကနေကြည့်ရမယ် (မှန်ပါ့) ဟိုသစ်ပင်ကလည်း ကိုယ်နဲ့ဘာဆိုင်သတုံး (မဆိုင်ပါ) ကြည့်တဲ့ ပုဂ္ဂိုလ်ကကော (ဘာမှမဆိုင်ပါဘုရား) သစ်ပင်ကလည်း ဘာမှ မဆိုင်တဲ့သစ်ပင်၊ ကြည့်တဲ့ပုဂ္ဂိုလ်ကလည်း မျက်လုံးပေါက် ရောက်လို့ကြည့်လိုက်တာပဲရှိတယ် (မှန်ပါ့) ဘာမှ ကြောက်ခြင်း လည်း မရှိဘူး၊ စိုးရိမ်ခြင်းကော (မရှိပါဘုရား)။

အဲဒီလို မိမိခန္ဓာမှာ ကြောက်ခြင်း၊ စိုးရိမ်ခြင်းကင်းပြီး သကာလ သစ်ပင်လှုပ်သလို သူ့ဟာသူ ဖြစ်ပျက်နေတာကို ဒီကနေကြည့်လို့ရှိရင်ဖြင့် ဒကာဒကာမတို့ သက္ကာယဒိဋ္ဌိပြုတ်တဲ့ အကြည့်ပဲ (မှန်ပါဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိဆိုတာ တဏှာပဲ၊ တဏှာနဲ့ ဒိဋ္ဌိ တွဲနေတာပဲ၊ ဦးဘတင်ရေ (မှန်ပါ့) ဒါဖြင့် တဏှာ, ဒိဋ္ဌိပြုတ်တဲ့ အကြည့်ပေါ့ဗျာ (မှန်ပါ့) တဏှာဒိဋ္ဌိပြုတ်တော့ ဥပါဒါန်ရော (ပြုတ်ပါတယ်ဘုရား) ကံတွေရော (ပြုတ်ပါတယ်) လာလတ္တံ့ ဇာတိ, ဇရာ, မရဏတွေ (ပြုတ်ပါတယ်ဘုရား)။

## ကြည့်တတ်ကြပြီလား

ဩော် . . . ဒါသည်ကားလို့ဆိုရင်ဖြင့် သူစိမ်းကြည့် ကြည့်နိုင်တဲ့ စွမ်းရည်သတ္တိရုပ်နာမ်ပေါ်၌ သူစိမ်းမြင်မြင်တဲ့ အမြင်ဟာ အမြင်မှန်လို့ ဆုံးဖြတ်ချက်ချ (မှန်ပဲ့) ဘာကြောင့်တုံး တဏှာ, ဥပါဒါန်, ကံချုပ်လို့ (မှန်ပဲ့) ရှင်းပလား (ရှင်းပါပြီ) ကြည့်တတ်ကြပလား (ကြည့်တတ်ပါပြီဘုရား)။

ဩော် . . . ဒါဖြင့် ဒကာဒကာမတွေကတော့၊ နည်းနည်း ကလေး နုတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့၊ ဇောဒကတော့ တက်ချင် တက်မယ်၊ မိမိရုပ်, နာမ်ကို သူစိမ်းကြည့်, ကြည့်ရမှာ မလွယ်ဘူး ဘုရာ့လို့ လာချင်လာမယ် (မှန်ပဲ့) လာချင်လာမယ် မဟုတ်လား၊ ဩော် . . . ဒီမိမိကလည်း ခက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ (မှန်ပဲ့)။

နဂိုက ခင်ဗျားတို့ကို ဒါ မိမိခန္ဓာလို့ သင်ထားတာကိုက အလွဲကြီး လွဲနေတာ (မှန်ပဲ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒီအထဲမှား မိမိတွေ သွားမရှုပ်နဲ့နော် (မှန်ပဲ့) ဒီအထဲမှာလည်း မိမိကလည်း နည်းတာမဟုတ်ဘူး၊ ပါနေတာ (မှန်ပဲ့)။

ကိုင်း . . . အခုပြောတဲ့ အဓိပ္ပာယ်သည် အတူတကွ မွေးဖွားပြီးသကာလ လာငြားသော်လည်း ကိုယ့်အလို ကိုယ့် အကြိုက် မလိုက်လို့ရှိရင် သူစိမ်းကြီး ဆိုရမှာပဲ (မှန်လှပါ)။

ဘယ့်နှယ်ဆိုကြမလဲ (ကိုယ့်အကြိုက် မလိုက်လို့ရှိရင် သူစိမ်းကြီး ဆိုရမှာပါဘုရား)။

## ဉာဏ်၏အလိုကို ရုပ်နာမ်က မလိုက်ဘူး

အဲ . . . ဉာဏ်ကလည်း ဒီအထဲမှာပဲ၊ ရုပ်, နာမ်ကလည်း ဒီခန္ဓာပဲ၊ အတူတကွတော့ တွဲစပ်တော့နေကြတာပဲ၊ သို့သော်လည်း ဉာဏ်၏အလိုကို ရုပ်,နာမ်က လိုက်ရဲ့လား (မလိုက်ပါဘုရား) မလိုက်ဘူး၊ ရုပ်, နာမ်က သူ့သဘောနဲ့သူနေတယ် (မှန်ပါ့)။

ဉာဏ်ကလည်း သူ့သဘောနဲ့သူနေတာ ကျုပ်ကလည်း ဘယ်လိုမှ မကန့်ကွက်ပါဘူး၊ သူ့သဘော၊ ကိုယ့်သဘော မဟုတ်ဘူးလို့ ကျုပ်လည်း ဆုံးဖြတ်ချက်ချလိုက်တာပါပဲ၊ ဒီလို ဉာဏ်က ဆုံးဖြတ်ချက်ချလို့ရှိရင် ဖြစ်ပျက်နေတာက သူစိမ်း၊ ဒီသူစိမ်းဉာဏ်နဲ့ ကြည့်ရမယ် (မှန်ပါ့)။

ဖြစ်ပျက်နေတာက (သူစိမ်းပါဘုရား) သူစိမ်းဖြစ်နေတာ ဒီကလည်း သူစိမ်းသဘောနဲ့ ကြည့်ပါ၊ သူစိမ်းသဘောနဲ့ ကြည့်လိုက်တဲ့အခါကျတော့ကို ငါ, ငါ့ဥစ္စာလို့ ပါသေးရဲ့လား (မပါပါဘုရား)။

## တဏှာဒိဋ္ဌိသေတယ်

ဒါဖြင့် တဏှာဒိဋ္ဌိ မသေဘူးလား (သေပါတယ်ဘုရား) တဏှာဒိဋ္ဌိသေရင် ဥပါဒါန်က (သေပါတယ်) ဥပါဒါန်သေရင် ကံတွေကော (သေပါတယ်) ကံသေရင် နောက်လာမည့် ဇာတိ,

ဇရာ, မရဏာတွေ (သေပါတယ်ဘုရား)။

အပါယ်ဇာတိ၊ လူဇာတိ၊ နတ်ဇာတိ အကုန်သေတာပဲ (မှန်ပါ) ဪ . . . ဘယ်လိုကြည့်တတ်လို့ပါလိမ့် (သူစိမ်းပြင်ပြင် ကြည့်လို့ပါဘုရား)။

သူစိမ်းပြင်ပြင် ကြည့်လိုက်တာကောင်းတယ် (မှန်ပါ့) ခင်ဗျားတို့က သူစိမ်းကြည့် ကြည့်လို့ ရှိရင်ဖြင့် ခင်ဗျားတို့ လောကမျက်လုံးနဲ့ ကြည့်လို့ရှိရင်ဖြင့် ကိုယ့်သားသမီး ကြည့်တာပဲ၊ သူစိမ်းကြည့် ကြည့်နေတယ်ဆိုတော့ ခွကျမှာပေါ့ ဦးခင်မောင် (မှန်ပါ့)။

ကိုယ့်သားသမီးကို ဒီအဘိုးကြီးနဲ့ ထားခဲ့ရတာ ကလေးတွေဟာ တစ်ခါတည်း လဲသူလဲ ကွဲသူကွဲနဲ့ သူစိမ်းကြည့် ကြည့်နေတာကိုး (မှန်ပါ့) လောကသုံးက ဒီအတိုင်း ဦးခင်မောင်တို့ အမြည်အတွန် မခံရဘူးလား (ခံရပါတယ်ဘုရား)။

ဟိုကလည်း အေးကွယ် . . သူစိမ်းလိုတော့ ပစ်ထားတာ မဟုတ်ပါဘူး၊ မမြင်လိုက်လို့ပါဆိုတော့လည်း သူကလည်း သူစိမ်းမလုပ်တော့ဘူး (မှန်ပါ့)။

ဟိုကလည်း သူစိမ်းအသံ ထွက်ရဲ့လား (မထွက်ပါဘုရား) တခြားက ပြန်လာတဲ့ ပုဂ္ဂိုလ်လည်း ကလေးတွေ ဘာတွေ ကွဲပြဲနေတာ တွေ့လို့ရှိရင်ဖြင့် ဟိုကစိတ်ဆိုး၊ ဒီကရှိရစ်တဲ့ ပုဂ္ဂိုလ် စောင့်ရှောက်တာက သံယောဇဉ်သဘောနဲ့ စောင့်ရှောက်တာပဲ၊

သို့သော်လည်း ကိုယ်မမြင်လိုက်တော့ သူစိမ်းအဓိပ္ပာယ်ရောက် မသွားဘူးလား (ရောက်သွားပါတယ်ဘုရား)။

အဲဒါတွေ ညီမနှစ်ယောက်ဖြစ်စေ၊ မောင်နှမနှစ်ယောက် ဖြစ်စေ၊ ပြောကြပြီဆိုမှဖြင့် သူစိမ်းကြည့်၊ သူစိမ်းနေ, နေတဲ့ နေရာဟာ အလွန်ဆိုးတယ်၊ တဏှာဒိဋ္ဌိက ပြောတယ်နော် . . . (မှန်ပါ့) မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

ခင်ဗျားတို့က အဲဒီလိုအသံသာ ကြားဖူးတယ်၊ အခုနိဗ္ဗာန် ရောက်ချင်လို့ရှိရင်တော့ သူစိမ်းဖြစ်လို့ သူစိမ်းကြည့်, ကြည့်ရ မယ် . . . (မှန်ပါ့)။

နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဘယ့်နှယ်တဲ့ . . . (သူစိမ်း ကြည့်, ကြည့်ရပါမယ်)။

## သူစိမ်းကြည့် ကြည့်ရင် နေရာကျပြီ

နှစ်ချက်သုံးတယ် ဒကာဒကာမတို့၊ ဒါ ကြပ်ကြပ်သတိ ထားပါ၊ သူစိမ်းဖြစ်လို့ (သူစိမ်းကြည့်, ကြည့်ပါတယ်ဘုရား) သူစိမ်းကြည့်, ကြည့်လို့ရှိရင်ဖြင့် နေရာကျပြီလို့သာ မှတ်ပေတော့ . . . (မှန်ပါ့)။

သူစိမ်းဖြစ်တော့ သူစိမ်းကြည့်, ကြည့်တယ်ဆိုက တည်းက နဂိုကလည်း သူစိမ်းမို့ သူစိမ်းမှန်း သိသွားတဲ့အသိဟာ

သေးသေးသိမ်သိမ်အသိ မဟုတ်ဘူးတဲ့၊ အမှန်သိတဲ့ (မှန်ပါ့) သူစိမ်းဖြစ်နေလို့ သူစိမ်းသိ သိတာနော် . . . (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (သူစိမ်းဖြစ်နေလို့ သူစိမ်းသိ သိတာပါဘုရား) အဲဒီအသိဟာ အသိမှန်ပဲ (မှန်ပါ့) နဂိုက သူစိမ်း၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နဂိုက သူစိမ်းဆိုတာက ခင်ဗျားတို့ အေးချင်လို့ အေးတဲ့ ရုပ်လား၊ သူ့သဘောနဲ့သူ အေးတာလား (သူ့သဘောနဲ့သူ အေးတာပါဘုရား)။

## သူစိမ်းတွေ ဆွေမျိုးလုပ်ပြီး ကြည့်မနေနဲ့

ခင်ဗျားတို့ ပူချင်လို့ ပူတာလား . . . (သူ့သဘောနဲ့သူ ပူတာပါဘုရား) ဒါဖြင့် နဂိုက ဘာတုံး (သူစိမ်းပါဘုရား) အဲ . . . သူစိမ်းတွေ ဆွေမျိုးလုပ်ပြီး ကြည့်မနေနဲ့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုကြည့်ရမတုံး (သူစိမ်းကြည့် ကြည့်ရပါမယ်ဘုရား) သူစိမ်းကို သူစိမ်းကြည့် ကြည့်ပေါ့ဗျ ဟုတ်လား (မှန်ပါ့) ခင်ဗျားတို့ အပါယ်ရောက်နေတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သူစိမ်းကို ဆွေမျိုးလုပ်ကြည့်နေလို့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အပါယ်ရောက်တာ ဘာကြောင့်လဲ

သူစိမ်းတွေကို . . . (ဆွေမျိုး လုပ်နေတာပါဘုရား) သူစိမ်းကို ဆွေမျိုးလုပ်နေတဲ့အတွက် ဒကာဒကာမတွေက အပါယ်ရောက်ရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

လုပ်ကောင်း မလုပ်ကောင်းလည်း ကြည့်ပါဦး (မလုပ်ကောင်းပါဘုရား) ဟာ . . . သူစိမ်းဟာ သူစိမ်းပေါ့၊ ဘာဖြစ်လို့ ဆွေမျိုးလုပ်ချင်ရတာတုံး ခင်ဗျားတို့က . . . (မှန်ပါ့)။

တပည့်တော်တို့ ဆွေမျိုးလုပ်ချင်တာက လူတွေ့ရင် ခင်တတ်တယ်ဘုရာ့၊ ဟာ . . . သွားပါပြီ ဒီကတည်းက ဟင် . . . (မှန်ပါ့) သူစိမ်းကို ဆွေမျိုးလုပ်ပကောဗျ (မှန်ပါ) မလုပ်ဘူးလား . . . (လုပ်ပါတယ်ဘုရား)။

## ငရဲကိုဘယ်သူလုပ်ပါလိမ့်မတုံး

လုပ်လို့ရှိရင်ဖြင့် သူစိမ်းကို ခင်ဗျားတို့က ကြံဖန်ပြီး ဆွေမျိုးလုပ်တဲ့အတွက် ခင်ဗျားတို့က ကြံဖန်လုပ်တဲ့ငရဲ ဖြစ်ရမယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ငရဲဟာ ဒကာဒကာမတို့ ငရဲအိုးကြီးကြီး၊ ငရဲအိုးသေးသေး ဟုတ်လား (ဟုတ်ပါတယ်) ငရဲမီးများများ၊ ငရဲမီးနည်းနည်းဆိုတာ ခင်ဗျားတို့ ကြံဖန်လုပ်သလို ဟိုကဖြစ်ရတာ

(မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ငရဲကို ဘယ်သူလုပ်ပါလိမ့်မတုံး (ကိုယ့်ဟာကိုယ် လုပ်ပါတယ်ဘုရား) ဒီကနေပြီး အမှန်ဉာဏ်မရတဲ့ ပုဂ္ဂိုလ်က လုပ်တာ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်သူက လုပ်တာတုံး (အမှန်ဉာဏ်မရတဲ့ ပုဂ္ဂိုလ်က လုပ်တာပါဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ပြောတဲ့အထဲမှာလည်း ပါသားပဲ၊ သူ့အကြောင်းနဲ့ သူ့အကျိုးကို (မှန်ပါ့) မဆိုနိုင်ဘူး လား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ငရဲဇာတ်သိမ်းချင်တော့လည်း၊ ဒီကသိမ်း၊ ငရဲ တည်ဆောက်ချင်လို့ရှိရင်လည်း ဒီကနေ တည်ဆောက်ရမယ် (မှန်ပါ့) ဒီကနေ တည်ဆောက်လို့ဖြစ်လို့ရှိရင် ဒီကနေ ဖျက်လည်း ရရမယ် (မှန်ပါ့) ဒီကနေ မဆောက်လည်း (ရပါတယ် ဘုရား) သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

## ငရဲကြောက်တယ်ဆိုပြီး ငရဲတည်ဆောက်တယ်

ဒါဖြင့် ဒကာဒကာမတွေက ငရဲကြောက်တယ်ဆိုပြီး ငရဲဆောက်နေလို့ရှိရင်တော့ မဖြစ်ဘူး (မှန်ပါ့) ငရဲတော့ ကြောက်ပြီး ငရဲကို တည်ဆောက်နေလို့ရှိရင်တော့ သွားပြီ. . . (မှန်ပါ့) ငရဲကြောက်လို့ရှိရင် ငရဲမတည်ဆောက်လို့ရှိရင်လည်း ပြီးသွားတာပဲ (မှန်ပါ့)။

ဒါဖြင့် ငရဲ ကြောက်စရာလား၊ မိမိတို့၏ အမြင်မှား ကြောက်စရာလား (အမြင်မှားကြောက်စရာပါဘုရား) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## အမြင်မှန်အောင်လုပ်ပါ

ဒါဖြင့် အမြင်မှန်ရအောင်လုပ်၊ သူစိမ်းကို သူစိမ်းလို့ မြင်အောင်ကြည့် (မှန်ပါ့) သူစိမ်းကို ဘယ်လို ကြည့်ရမယ် . . . (သူစိမ်းလို့ မြင်အောင်ကြည့်ရမယ်) သူစိမ်းအမြင်နဲ့ ကြည့်။

ခက်လိုက်တာဘုရား . . . ဒီဥစ္စာ အခက်ဆုံးပဲဘုရာ့ . . . လို့ ဆိုချင်သေးသလား (မဆိုချင်ပါဘုရား) ဦးဇံရင် . . . ဆိုချင်သေးသလား (မဆိုချင်ပါဘုရား) မဆိုချင်ရဲဘူးဆိုတော့ ဆိုချင်ရဲထဲကလား (မဟုတ်ပါဘုရား)။

ကဲ . . . ဦးဘတင် သူစိမ်းကိုသူစိမ်းအမြင်နဲ့ ကြည့်လို့ ရှိရင် ဒါဟာ အမြင်မှန်လား၊ အမြင်မှားလား (အမြင်မှန်ပါဘုရား) သူစိမ်းကို ငါ့ကိုယ်, ငါ့ဟာ လုပ်လိုက်ရင်တော့ဖြင့် (အမြင်မှား ပါဘုရား)။

မှားသော ပုဂ္ဂိုလ် မှားသောလမ်းကိုသွား (မှန်ပါ့) မှန်တဲ့ ပုဂ္ဂိုလ်ကဖြင့် (မှန်တဲ့လမ်းကို သွားရမယ်) မှန်တဲ့လမ်း နိဗ္ဗာန် (မှန်ပါ့) မှားသောပုဂ္ဂိုလ်ဖြင့် မှားသော အပါယ်လေးပါး (မှန်ပါ့) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

## အမြင်မှန်ကြောင့် နိဗ္ဗာန်သွားရတာ

ဪ . . . ဒါဖြင့် အပါယ်လေးပါး သွားရတာနဲ့ နိဗ္ဗာန်သွားရတာသည် အမြင်မှား အမြင်မှန်နှစ်ခုကြောင့် သွားကြရတာ (မှန်ပါ့) အမြင်မှားကြောင့် အပါယ်သွား၊ အမြင်မှန်ကြောင့် နိဗ္ဗာန်သွား၊ ဒါပဲရှိတာပဲ (မှန်ပါ့ - ဒါပဲရှိပါတယ်ဘုရား) မရှင်းသေးဘူးလားဗျာ (ရှင်းပါပြီဘုရား)။

ဪ . . . ဒါဖြင့် အပါယ်သွားတဲ့ ပုဂ္ဂိုလ်တွေ ထောက်ကြည့်လို့ရှိရင်ဖြင့် အမြင်မှားနဲ့ သွားကြလေရဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဦးဘတင်တို့ ကိုမြရွှေတို့ ဘာနဲ့သွားကြတာတုံး (အမြင်မှားနဲ့ သွားကြတာပါ) အမြင်မှန်ရတဲ့နေ့ကစပြီး အပါယ်တံခါးပိတ်တယ် (မှန်ပါ့) သူစိမ်းကို သူစိမ်းမြင်, မြင်ရင် (အပါယ်တံခါးပိတ်ပါတယ်ဘုရား)။

ဟုတ်မှ ဟုတ်ရဲ့လားဆိုတော့ သူစိမ်းကို သူစိမ်းမြင်, မြင်တယ်ဆိုကတည်းက ဉာဏ်ပါပြီဗျ၊ ဉာဏ်နဲ့မြင်တာမဟုတ်လား (မှန်ပါ) ဉာဏ်နဲ့မြင်တော့ ခုနင်က ငါ့ကိုယ်, ငါ့ဟာဆိုတဲ့ စကားလာသေးရဲ့လား (မလာပါဘုရား)။

တဏှာမလာမှပဲ ဥပါဒါန်က (မလာပါဘုရား) ဥပါဒါန်မလာပဲ ကာယကံ, ဝစီကံ, အပါယ်ချမည့် ကံတွေက ပေါ်သေးသလား (မပေါ်ပါဘုရား) မပေါ်လို့ရှိရင် ဇာတိဆိုတဲ့ အပါယ်

မှာ ဖြစ်ရမည့် ခန္ဓာကြီး ပေါ်ဦးမလား (မပေါ်ပါဘုရား)။

ဪ . . . ဒါဟာ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်ကျပြန်တော့လည်း ဒကာဒကာမတို့ အပါယ်လေးပါး တံခါးပိတ်တယ်၊ အပါယ်လေးပါးလမ်းမဟုတ်တော့ဘူး၊ နိဗ္ဗာန်လမ်းဆိုတာ ထင်ရှားသွားတယ် (မှန်ပါ့)။

## အမြင်မှားကြောင့် အပါယ်သွားတယ်

အမြင်မှားနဲ့ ကြည့်လိုက်ပြီ ဆိုမှဖြင့်လည်း အပါယ်လေးပါးသွားတော့တာပဲ၊ ငါကိုယ်, ငါ့ဟာလုပ်ပြီး မြင်လိုက်ရင်လေ (မှန်ပါ့) မသွားဘူးလား (သွားပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ အမြင်မှန်မရသေးသရွေ့ ကာလပတ်လုံး မိမိတို့မှာဖြင့် ဪ အမြင်မှားနဲ့ကြည့်ပြီး အပါယ်သွားလေရဲ့ (မှန်ပါ့) ဒါ ဘယ်သူလုပ်လို့ သွားတယ်လို့ ဆိုစရာမလိုတော့ပါဘူး၊ အမြင်မှားကြောင့်သွားတာ (မှန်ပါ့) အမြင်မှန်ကြောင့် သွားတာက နိဗ္ဗာန်ကိုး (မှန်ပါ့ဘုရား)။

ဒါဖြင့် အပါယ်သွားကြောင်း အပါယ်လွတ်ကြောင်း နှစ်ကြောင်းဟာ အမြင်မှန်နဲ့ အမြင်မှားပေါ်မှာ တည်နေတယ် (မှန်ပါ့) ချုံးလိုက်တော့ ဒါပဲရတယ် (မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အင်မတန်ကို ခင်ဗျားတို့ နားလည်ဖို့ ခရေစေ့တွင်းကျ သဘောဆိုက်အောင် ပြောနေတာ ဦးဘတင် (မှန်လှပါ) ခင်ဗျား တို့မှာ ဒီနှစ်လမ်းပဲရှိတယ်၊ နေရာကျပလား (ကျပါပြီဘုရား)။

## အတုံးအခဲမြင်ရင် အမြင်မှား

အဲဒီတော့ကို ခုနင်က ဒကာဒကာမတွေကို ဘုန်းကြီး စကားချီခဲ့တယ်၊ ဒကာဒကာမတို့ အတုံးအခဲမြင်ရင် အမြင်မှားပဲ . . . (မှန်ပါ့)။

ဟိုက အတုံးအခဲပုံသဏ္ဌာန်မှုမရှိပဲ၊ ဘယ်ဘက်လက် မောင်းကို ညာဘက်လက်ညှိုးကလေးနဲ့ ကုတ်ကြည့်လိုက်တဲ့ အခါကျတော့ နာတာကလေးဟာလည်း အရှိသား၊ နာတာ ကလေး ပျောက်သွားတာကလေးဟာလည်း အဟုတ်သား၊ မဆို နိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ အတုံးအခဲ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ် ဟုတ်မလဲ ဒကာဒကာမတို့ ဒီနေရာနာတယ်၊ ဒီနေရာပျောက် သွားတာပဲ (မှန်ပါ့) နာတုန်းကလေး နာဆဲကလေးလို့ သိရဲ့လား (မသိပါဘုရား)။

## သိမ်မွေ့မြင်ဆိုတာဘာတုံး

အဲဒီလို ဩော် . . . ဒီနေရာပေါ်၊ ဒီနေရာပျောက်

တယ်လို့ မြင်ရင် ဒါဟာ အမြင်မှန်ပဲ သိမ်မွေ့တာမြင်ပြီ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲ့ဒါသိမ်မွေ့မြင်ဆိုတဲ့ဥစ္စာသည် ဘာတုံးလို့ မေးတဲ့ အခါကျတော့ ပရတော- သူစိမ်းပြင်ပမြင်တဲ့အမြင်ဟာ၊ ဩော် . . . ဒီအမြင်ပါလားလို့ပဲ မှတ်လိုက်တာပေါ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

သိမ်မွေ့တဲ့အမြင်ကို အရေးကြီးတယ်နော် (မှန်ပါ့ဘုရား) တကယ်လို့ ကြမ်းကြမ်းတမ်းတမ်း အတုံးအခဲ မြင်နေလို့ရှိရင် ခင်ဗျားတို့ သမထဖြစ်သွားမယ် . . . (မှန်ပါ့) သိမ်မွေ့တဲ့ အမြင် မြင်လို့ရှိရင် (ဝိပဿနာဖြစ်ပါတယ်) အတုံးအခဲမြင်နေရင် (သမထပါဘုရား)။

အဲ . . . သမထဖြစ်သွားတာက ပညတ်အမြင် ဖြစ်နေ တယ် (မှန်ပါ့) သမထပညတ်ချည်း မြင်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## အမြင်ကြမ်းသည် သမထ

ဩော် - ဒါဖြင့် ဦးခင်မောင်ရေ အမြင်မှန်နဲ့ အမြင်မှား သည် အမြင်သိမ်မွေ့နဲ့ အမြင်ကြမ်းသည် အလွန်ခြားတယ် ဆိုတာကို ကွဲကြပလား (ကွဲပါပြီဘုရား)။

အမြင်ကြမ်းဆိုလို့ရှိရင်ဖြင့် သမထသက်သက်ဘက်

လည်း ပြီးသွားတယ်၊ အမြင်နုဆိုလို့ရှိရင် (ဝိပဿနာဘက်လည်း ပြီးသွားပါတယ်ဘုရား)။

## အမြင်မှားနဲ့အမြင်မှန်

ကောင်းပြီ . . . ဒီအမြင်နှစ်ခုအနက် အမြင်ကြမ်းဟာ သမထ (မှန်ပါ့) အမြင်နုဟာ (ဝိပဿနာပါဘုရား) တော်သေးတယ် အမြင်မှားနဲ့ အမြင်မှန်ကျတော့ မရတော့ဘူး၊ ငါ့ကိုယ်, ငါ့ဟာ လုပ်လိုက်တဲ့အမြင်မှားနဲ့ ကြည့်လိုက်လို့ရှိရင် အပါယ်သွားမယ်၊ အမြင်မှန်နဲ့ကြည့်လိုက်လို့ရှိရင် (နိဗ္ဗာန်သွားမှာပါဘုရား) ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဦးခင်မောင် သိပ်အဖိုးတန်ပါတယ် (တန်ပါတယ်ဘုရား) ဒီဟာကို မမေ့ကြပါနဲ့ ခင်ဗျားတို့နော် (မှန်ပါ့) ဩော် . . . တို့နားလည်ရေးရှေ့ရှုပြီး ဘုန်းကြီးက စကားအမျိုးမျိုး တန်ဆာဆင်ပြီး လှည့်ပတ်ပြောတာ တရားမများဘူးဆိုတာတော့ မှတ်ထားရမယ် (မှန်ပါ့)။

တရားအခုပေါလာတာ ဥပမာမယ်နာရီ ၃ မတ်ရှိတော့မယ် ဒကာဒကာမတို့ နာရီ ၃ မတ်သာရှိတယ်၊ သိမ်မွေ့တဲ့ အမြင်ကို သူစိမ်းထားပြီး မြင်စေချင်တယ်၊ ဒါပဲ ပါတယ်၊ ဒီတရားပွဲမှာ ဒါပဲပါတယ် (မှန်ပါ့)။ .

သိမ်မွေ့တဲ့အမြင်ကို (သူစိမ်းထားပြီး မြင်စေချင်ပါတယ်

ဘုရား) ဒါကလေး ရှိသေးတယ်၊ နာရီ ၃ မတ်ကြာအောင် ပြောနေတာကို လိုရင်းက ဒါပဲပါသေးတယ် (မှန်ပ့ါ)။

သို့သော် ဘယ့်နှယ်ကြောင့် ဘုန်းကြီးလျှာရှည်ရသတုံးလို့ မေးလို့ရှိရင် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘာကြောင့် ဘုန်းကြီးကပေါရသတုံး

ဘုန်းကြီး လျှာရှည်ရတာသည်ကားလို့ ဆိုရင် ခင်ဗျားတို့ ချေးများလွန်းလို့။ ကိလေသာ အညစ်အကြေး ပေါလွန်းလို့ ကိလေသာတွေက အုပ်စိုးနေလို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရောက်အောင် မသွင်းနိုင်တာနဲ့ ဟိုက လှည့်သွင်း၊ ဒီကလှည့်သွင်းနဲ့ ကိလေသာထုထူနေလို့ ရှည်နေရတာ (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကိလေသာထုထူနေလို့ ဒီကပြောလိုက်တဲ့စကား ဉာဏ်ထဲမှာ မရောက်နိုင်လို့ ဟိုက လှည့်သွင်းရ၊ ဒီက လှည့်သွင်းရနဲ့ ဒါကြောင့် နာရီ ၃မတ် ကြာသွားတယ် (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘုန်းကြီးက နာရီ ၃မတ်ကြာအောင် ဒါကလေး ပြောနေတယ်လို့ မဆိုနဲ့ (မဆိုပါဘုရား)။

ဒါတောင် ခင်ဗျားတို့ ဟိုကျတော့ လက်တို့ပြီး မေးချင် မေးနေရဦးမှာ ကိလေသာထု ပြန်ဖုံးသွားလို့ . . . (မှန်ပ့ါ)

တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီးတော့ ဘယ့်နှယ်တုံး ဟိုဟာကလေး ဘာပြောလိုက်ပါလိမ့် -လာချင် လာဦးမှာ ခင်ဗျား တို့က (မှန်ပါ့)။

## သိမ်မွေ့တာကို သူစိမ်းလိုကြည့်

ဩော် . . . ဒါကြောင့် သေသေချာချာ နာရီ ၃ မတ် ပြောရတဲ့ ဥစ္စာ ဘယ်နှစ်လုံးပြီးသွားသတုံးဆိုတော့ သိမ်မွေ့ တာကို သူစိမ်းကဲ့သို့ မြင်အောင် ကြည့်နိုင်ရင် ပြီးတာပဲ (မှန်ပါ့)။

သိမ်မွေ့တဲ့ ရုပ်ကလေး၊ သိမ်မွေ့တဲ့ နာမ်ကလေးကို သူစိမ်းအမှတ်ထားပြီး ကြည့်နိုင်ရင် ပြီးရော (မှန်ပါ့) ချုံးလိုက် တော့ ဒါပဲရတယ် (မှန်ပါ့)။

သိမ်မွေ့တဲ့ ရုပ်နာမ်ကို မြင်အောင် ကြည့်နိုင်လို့ရှိရင် ဒကာဒကာမတို့ ဒီအမြင်ဟာ အမြင်မှန်လို့သာ ဆုံးဖြတ်ချက်ချ၊ တိဟိတ်လို့လည်း ဆုံးဖြတ်ချက်ချ (မှန်ပါ့)။

အမြင်ကတော့ (အမြင်မှန်ပါ) ဒီဘဝ မဂ်ရနိုင်မည့် ပုဂ္ဂိုလ် လို့ကော (ဆိုနိုင်ပါတယ်ဘုရား) အဲ တိဟိတ်ပုဂ္ဂိုလ်မို့ ဒီဘဝ တွင်ပင် ဒုက္ခခပ်သိမ်းငြိမ်းနိုင်တဲ့ပုဂ္ဂိုလ်လို့လည်း ဆုံးဖြတ်ချက် ချနိုင်ပါတယ်ဆိုတော့၊ ဒကာဒကာမတို့ တရား ဘယ်နှစ်လုံး ဟောလိုက်သတုံး (တစ်လုံးတည်းပါဘုရား) တစ်လုံးတည်း ရှိသေးတယ် (မှန်ပါ့)။

## သူစိမ်းမြင်မြင်ရင်ပြီးတယ်

တရားတစ်လုံးတည်းပဲ ရှိသေးတယ်နော် (မှန်ပါ့) တစ်လုံးတည်းပေမယ့်လည်း တစ်လုံးလို့သာ မှတ်သွားလို့လည်း မဖြစ်သေးဘူး၊ ဘယ်လို တစ်လုံးပါလိမ့်မတုံးဆိုတော့ သိမ်မွေ့တရားကို သူစိမ်းမြင် မြင်ရင်ပြီးတာပဲ (မှန်ပါ့)။

သိမ်မွေ့တဲ့ ရုပ်နာမ်ကို (သူစိမ်းမြင်၊ မြင်ရင် ပြီးတာပါပဲ ဘုရား) အဲ . . . သိမ်မွေ့တဲ့ ဖြစ်ပျက် ရုပ်၊ နာမ်ကို သူစိမ်းမြင်၊ မြင်ရင်ပြီးတာပါပဲ (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ . . . ဘယ်ခန္ဓာကို ကြည့်ရမှာပါလိမ့် (မိမိခန္ဓာကို ကြည့်ရမှာပါ) အဲဒါ မိမိကြောင့် ခက်နေတာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မိမိခန္ဓာမဟုတ်ဘူး

ဒါကို မိမိလုပ်ထားလို့ ခက်နေတာ၊ မိမိခန္ဓာမဟုတ်ဘူး၊ သူစိမ်းပြင်ပြင်ကြီးပဲ (မှန်ပါ့)။

ခင်ဗျားတို့ကို တစ်ခါတည်း ဘယ်သူ့ကို ကြည့်ရမှာတုံး မေးတော့ မိမိက ထွက်လာပြီ (မှန်ပါ့) အတော်ဆိုးနေတာ (မှန်ပါ့)။

ဦးဘတင် စကားနှိုက်နေတာ အမေမိဘတွေနဲ့တကွ ရိုးရာက သင်ထားတာကိုက မိမိကိုယ်ကို မိမိစောင့်ရှောက်တဲ့၊

ဒါကလေးက တစ်ခါတည်း စူးနေတာပဲ (စူးနေပါတယ်ဘုရား)။

မိမိကိုယ်ကို နင်က ထီးမှ မထမ်းချင်ဘူး၊ ဖိနပ်မှ မစီးချင်ဘူး၊ မိမိကိုယ်မှာ မိမိက နာမှန်း ကျင်မှန်းမသိဘူး၊ တစ်ခါတည်း မိမိတွေထိုးပြီး သင်ထားတာကိုး (မှန်ပါ့) တစ်ခါတည်းကလေးက ဒါဟာမိမိပဲမလာဘူးလား (လာပါတယ်ဘုရား)။

ဒီရုပ်နာမ်ဟာ မိမိပဲ တော်တော်နဲ့ ဖျက်လို့ (မရပါ ဘုရား) ခုပြောတာ ဘာလုပ်နေတာတုံး၊ အဲဒါဖျက်နေတာ (မှန်ပါ) အဲဒါဖျက်တဲ့အထဲက ဒီအထဲမှာ မိမိလုပ်လိုက်ချင်သေးတယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

## ရုပ်နာမ်ကိုကြည့်ရမှာ

ဘယ်သူ ကြည့်ရမှာတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမတုံး (မိမိကိုယ်ကိုကြည့်ရမှာပါ) ဘယ်ဟုတ်ရမတုံးဗျ၊ ရုပ်, နာမ်ကိုကြည့်ရမှာ (မှန်ပါ) ရုပ်, နာမ်ကို မိမိလုပ်နေလို့ ခက်နေတာ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာကြည့်ရမှာတုံး (ရုပ်, နာမ်ကိုကြည့်ရမှာပါဘုရား)။

အဲ. . . အခုသေသေချာချာမေးတော့ မိမိလုပ်ထားတာလည်း တစ်ကြောင်း၊ ခင်ဗျားတို့နှုတ်တက်နေတာလည်း တစ်ကြောင်းဖြစ်နေတော့ ဦးဘတင် မခက်ဘူးလားဗျ (မှန်ပါတယ်ဘုရား) သဘောပါကြပလား (ပါပါပြီဘုရား)။

ဒီက ရှေ့ကိုဘာကြည့်ကြမယ် (ရုပ်, နာမ်ကြည့်ကြပါ မယ်ဘုရား) ဘယ်သူ့ရှိတဲ့ ရုပ်, နာမ်တုံးလာလိမ့်ဦးမယ် ခင်ဗျား တို့၊ အတော်ဆိုးနေတာဗျ (မှန်ပါ) ဒါကအပြောဟာအပြောပဲ လို့ မထားဘူး၊ တကယ်တမ်းလည်း ထင်တတ်တယ် (မှန်ပါ)။

အပြောဟာ အပြောပဲလို့ ထားကြရဲ့လား (မထားပါ) ဘယ့်နှယ်ထင်သတုံး (တကယ်တမ်း ထင်ပါတယ်ဘုရား) တကယ်တမ်း မိမိထင်တယ်၊ မိမိထင်ရင် မချိအောင်နာတယ်၊ ဟော . . . တကယ်တမ်း မိမိထင်နေတယ် (မှန်ပါ့)။

, မိမိတော့ လာမထိလာနဲ့ ဟုတ်လား၊ မိမိကိုယ်တော့ ဖြင့် မျက်စောင်းထိုးတာတောင် မခံနိုင်ဘူး(မှန်ပါ့) တယ်လည်း ရဲတင်းပါလား (ရဲတင်းပါတယ်ဘုရား) အတော်စွဲသွားပါလား (စွဲပါတယ်ဘုရား)။

အဲဒီတော့ ငယ်မှတ်က နာနေတယ်၊ မနာဘူးလား (နာ နေပါတယ်ဘုရား) အမှန် နာနေတာလား၊ အမှားနာနေတာ လား (အမှားနာနေပါတယ်ဘုရား)။

ဩော် . . . ဒါကြောင့် တရားရှည်သွားတာ ဒကာ ဒကာမတို့ အမှားနာနေလို့ (မှန်ပါ)။

တရားနာရီ ၃-မတ်ဟောတာ ဘယ့်နှယ်ကြောင့်ပါလိမ့် (အမှားနာနေလို့ပါဘုရား) ဦးဘတင် ကျုပ်ရှည်တာလား၊ အမှား နာနေတာလား (အမှားနာနေတာပါ) ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် နောက်တစ်နာရီဟောလည်း ဒီအမှားက ပျောက်မှ ပျောက်ပါ့မလား ကျနေတယ် ဒကာ ဒကာမတို့ (မှန်ပါ)။

ကဲ . . . အခုတော်တော်နားလည်ပလား (နားလည်ပါပြီဘုရား) တရားအကျဉ်းချုံးလိုက်တော့ သိမ်မွေ့တဲ့ ရုပ်, နာမ် ဖြစ်ပျက်ကို သူစိမ်းမြင် မြင်ရင် ပြီးတာပဲ (မှန်ပါ) ဒါပဲဟော သေးတယ် (မှန်ပါ)။

## ထွက်ရပ်လမ်းပေါက်နိုင်တယ်

သိမ်မွေ့တဲ့ ရုပ်, နာမ်ဖြစ်ပျက်ကို သူစိမ်းမြင် မြင်လို့ ရှိရင်ဖြင့် ဒီဘဝ တိဟိတ်ဟုတ်၏၊ ထွက်ရပ်လမ်းလည်း ပေါက်နိုင်တယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)။

ဒါကလည်း မနည်းထုတ်ရတာဗျ၊ ခင်ဗျားတို့က ကြည့်ပါဆိုရင် အတုံးကြီးတွေ့ချင်တွေ့နေဦးမယ်၊ ဒါကြောင့် သိမ်မွေ့တဲ့ ရုပ်နာမ်ဖြစ်ပျက်ကို သူစိမ်းအမြင်နဲ့ မြင်အောင်ကြည့်ပါ၊ ကြည့်လိုက်လို့ရှိရင် ပရတော ဖြစ်သွားတယ်လို့ မှတ်လိုက်ပါ (မှန်ပါ့) ပရတော သူစိမ်းမြင်အားဖြင့် မြင်တာတဲ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ဟိုဟာဖြင့် ငါ့မောင်နဲ့တူလိုက်တာ လာပြီ သူစိမ်းမြင်ကို မမြင်ဘူး (မှန်ပါ) မျက်လုံးသာမတူတာ မျက်နှာ

ထားကတော့ဟန်ပန်ကတော့ သိပ်တူတာ၊ သူစိမ်းကို မပါဘူး၊ ပါသေးရဲ့လား (မပါပါဘုရား)။

ဒါ တို့အရပ်သူနဲ့ တူလိုက်တာ၊ ဒါက တို့အရပ်သားနဲ့ တူလိုက်တာနဲ့ တို့ချည်းပဲ (မှန်ပါ့) သူစိမ်းကို ပါသေးရဲ့လား (မပါပါဘုရား)။

ဩော်. . . ခင်ဗျားတို့ဟာ ကမ္ဘာကြီးမှာ ဗြဟ္မာကြီး ရှစ်ယောက်က မွေးတာ အမျိုးချည်းဖြစ်နေတာကိုးဆိုတဲ့အယူ မျိုးဖြစ်နေပါပြီ (မှန်ပါ့) ဆွေမျိုးစပ်များ ခင်ဗျားတို့ ပထမတန်း ပဲနော် (မှန်ပါ့)။

သူတို့နဲ့ ကျုပ်နဲ့ ဝေးဝေးနေလို့ သွေးသိပ်မကင်းသေးဘူး လာသေးတာကိုး. . . (မှန်ပါ့)၊ ဝေးတာလည်း လှမ်းဆက်လိုက် တာပဲ. . . (မှန်ပါ)၊ မဆက်ဘူးလား. . . (ဆက်ပါတယ်ဘုရား)။

ဒီဥစ္စာ အဘိုးအဘွားတွေက မပြောခဲ့လို့သာ အရင်းကြီး ရှိသေးတယ် ပြောချင်ပြောနေတာ. . . (မှန်ပါ့)၊ ဘယ်လောက် ဆိုးသတုံး. . . (ဆိုးပါတယ်ဘုရား)၊ သူစိမ်းကို ပါသေးရဲ့လား . . . (မပါပါဘုရား)။

## ဘုရားကလည်း သူစိမ်းဖြစ်စေချင်တယ်

ကဲ. . . ဒကာ ဒကာမတွေကလည်း သူစိမ်းကိုမပါဘူး။ ဘုရားကလည်း သူစိမ်းဖြစ်စေချင်၊ ဘယ်နှယ်နေကြတုံး. . . (ကန့်

လန့်ကြီးပါ)၊ ဘယ်သူက ကန့်လန့်လုပ်တာတုံး. . . (တပည့်တော်တို့ကပါဘုရား)၊ ဘယ်သူ့ကို ကန့်လန့်လုပ်တာတုံး. . . (ဘုရားကို ကန့်လန့်လုပ်တာပါဘုရား)။

ခင်ဗျားတို့က မပြိုင်သင့်တဲ့ပုဂ္ဂိုလ်ကြီး ပြိုင်တာကိုးဗျ . . . (မှန်ပါ)၊ မြတ်စွာဘုရားဟာ အတုမရှိပါဘူးဆိုတာတောင် ခင်ဗျားတို့က လျှောက်ပြီးတုနေတော့၊ ဘုရားက ရောင်ခြည်တော်လွှတ်တယ်ဆိုရင် ခင်ဗျားတို့က မီးပုံးပျံလွှတ်မယ်ထဲကဖြစ်နေတာ . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီတရားမှာ သေသေချာချာ ခင်ဗျားတို့ ရုပ်နာမ်ဖြစ်ပျက်ကို ဘေးအမြင်နဲ့မြင်လို့ရှိရင် ကိစ္စပြီးပါတယ် . . . (မှန်ပါဘုရား)။

## ရုပ်နာမ်ဖြစ်ပျက်ကို ဘေးအမြင်နဲ့မြင်ပါ

ဆိုကြစမ်းပါ ဘာတဲ့တုံး. . . (ရုပ်နာမ်ဖြစ်ပျက်ကို ဘေးအမြင်နဲ့မြင်ရင်ပြီးပါတယ်)၊ ကိစ္စပြီးနိုင်တယ်၊ ပြီး မပြီး ခင်ဗျားတို့ ချိန်တတ်ပလား. . . (ချိန်တတ်ပါပြီ)၊ သူစိမ်းဆိုတော့ ခင်တာလည်း မပါဘူး၊ စွဲလန်းတာကော. . . (မပါပါဘုရား)။

သူ့အတွက် အားထုတ်ချင်တာတွေရော. . . (မပါပါဘုရား)၊ ဟော. . . တဏှာရော, ဥပါဒါန်ရော အားထုတ်ချင်တဲ့ကံရော အကုန်သေသွားပြီ. . . (မှန်ပါ)၊ မသေဘူးလား. . .

(သေပါတယ်)၊ သူစိမ်းမြင်မြင်တော့ ပဋိစ္စသမုပ္ပါဒ်ပြတ်တယ် . . . (မှန်ပါ့)။

ဆွေမျိုးစပ်နေလို့ရှိရင်တော့ဖြင့် တဏှာ, ဥပါဒါန်, ကံလာတော့မယ်၊ တဏှာကလာမယ်၊ ဥပါဒါန်က နောက်ကိုလာပါဦး၊ လည်ပါဦး၊ ဆွေမျိုးတွေပြတ်ကုန်လိမ့်မယ်၊ ဒီဥပါဒါန်ကလည်း ပါနေတာ. . . (မှန်ပါ့ဘုရား)။

ဘာကလေးယူသွားပါဦးတဲ့ ကာယကံကလည်း ဘာကလေးစားသွားပါဦးဆိုတော့ ဝစီကံရော. . . (ပါပါတယ်)၊ ဟော. . . တဏှာ, ဥပါဒါန်, ကံတွေက မဆက်ဘူးလား. . . (ဆက်ပါတယ်)၊ ဘယ်လောက်များ ဆိုးရွားသွားသတုံး. . . (ဆိုးရွားပါတယ်ဘုရား)။

ဒီလိုမှ မဟုတ်လို့ရှိရင်လည်း လူ့ဝတ်က မကျေဘူးဘုရား၊ အင်း. . . ခင်ပွန်းတို့က လာဦးမှာက ရှိသေးတယ်. . . (မှန်ပါ)၊ ဒီလိုမလုပ်ရင်ဘာတဲ့. . . (လူ့ဝတ် မကျေပါဘုရား)၊ ခင်ပွန်းတို့က ဝဋ်ကြိုက်နေတာကိုး သဘောကျပလား. . . (မှန်ပါဘုရား)။

ဘာကြိုက်နေသတုံး. . . (လူ့ဝတ်ကြိုက်နေပါတယ်ဘုရား)၊ လူဆိုတာ ဝဋ်ကောင်၊ ဒီဝဋ်ကောင်မှ မထွက်ချင်ဘူးပြောတာပေါ့. . . (မှန်ပါ)၊ ဦးဘတင် သူ့အပြောပဲ သူပါမနေဘူးလား. . . (ပါနေပါတယ်) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ရှင်မောဂ္ဂလာန်က ဟောတာ

ကိုင်း. . . ဒါ ဘယ်သူဟောတာတုံး ဒကာ ဒကာမ တို့ သက်သေသာဓက လုံလောက်အောင်ပြောစမ်းပါ. . . (ရှင်မောဂ္ဂလာန်ဟောတာပါ)၊ မနေ့က တရားပေါ်မှာ ဒါ ဆင်း လာတယ်၊ ရှင်မောဂ္ဂလာန်ဟောတာ ရုပ်နာမ်ဖြစ်ပျက်ကို၊ သူစိမ်း အမြင်နဲ့ မြင်အောင်ကြည့်နိုင်လို့ရှိရင် ကိစ္စပြီးပါတယ်လို့၊ ရှင် မောဂ္ဂလာန်လက်ဝဲရံ အဂ္ဂသာဝကကြီးမို့ တိုတိုနဲ့မိတဲ့တရားပဲ . . . (မှန်ပါ့)၊ မမိဘူးလားကိုင်း. . . (မိပါတယ်ဘုရား)။

ရှင်မောဂ္ဂလာန်ဟာ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့် လာရတာ. . . (မှန်ပါ)၊ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုတာနည်း သလားဗျာ. . . (မနည်းပါဘုရား)၊ ဩော်. . . ဒီလိုဟောနိုင် အောင် တော်တော်ခဲခဲယဉ်းယဉ်း ကျင့်တော်မူခဲ့ပါကလားဆိုတာ ခင်ဗျားတို့ သိကြပါပြီ. . . (မှန်ပါဘုရား)။

သူကျင့်ခဲ့ရတာ ဘယ်လောက်ပဲ့. . . (တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါဘုရား)၊ ဒါမှ သူသည် အဂ္ဂသာဝကကြီးဖြစ်ပြီး အဂ္ဂသာဝက ပညာကြီးနဲ့ ဟောနိုင်တာ. . . (မှန်ပါ)၊ အဲ့ဒါကို ခင်ဗျားတို့က အခုဘာကြာသေးသလဲ၊ နာရီမှ တစ်နာရီတောင် မပြည့်သေးပါဘူး၊ ခင်ဗျားတို့ ဒီနားထိုင်ပြီးနာတာနဲ့ ဒီအကြောင်း ကိုသိရတာပါ. . . (မှန်ပါ့)၊ မရဘူးလား. . . (ရပါတယ်)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလွယ်နဲ့ရရင် အလွယ်တော့ သုံးပစ်တတ်တယ်နော်၊ မဟုတ်ဘူးလား. . . (မှန်ပါ)၊ ငွေများ အလွယ်နဲ့ရတဲ့ပုဂ္ဂိုလ်ကျတော့. . . (အလွယ်နဲ့သုံးတတ်ပါတယ် ဘုရား)၊ အင်း. . . ဒီမှာလည်း အလွယ်နဲ့ရရင်တော့ ဖြုန်းပစ် မယ်ထင်တယ်. . . (မဖြုန်းပါဘုရား)၊ အလွယ်ရတော့ ဖြုန်းပစ် တယ်ဆိုရင်၊ တော်တော်ကြာလက်ထဲရှိမှာမဟုတ်ဘူး။ ဒီငွေ မဟုတ်ဘူးလား. . . (မှန်ပါ)။

အလွယ်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ လက်ထဲမှာ ငွေရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ ဒီမှာလည်း အလွယ်နဲ့ရတော့ နက်ဖြန် ကျတော့ ဒီဉစ္စာရှိမှရှိပါဦးမလား. . . (ရှိပါတယ်ဘုရား)၊ မေးရသေးတယ်၊ ခင်ဗျားတို့ကို လွယ်လွယ်နဲ့ရတော့ ဖြုန်းပစ်မှာ စိုးလို့. . . (မှန်ပါဘုရား)။

## အဖိုးတန်လွန်းလို့ပြောတာ

တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လို့ ရခဲ့တဲ့ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးကတော့ မပျောက်ဘူး၊ ခက်ခဲစွာ ကျင့်ကြံခဲ့ရတာမို့ ဆုပ်ကိုင်ထားတာပဲ. . . (မှန်ပါ)၊ ကိုယ်တော် မြတ်ကြီးဟောတဲ့တရားကို ခင်ဗျားတို့ ကြားနာရတော့၊ ခင်ဗျား တို့မှာကော တစ်နာရီလောက်နဲ့သိရတဲ့ပုဂ္ဂိုလ်တွေကျတော့ လွယ်ပါတယ်ကွာဆိုပြီးလုပ်တော့ မပစ်ကြနဲ့ ဟုတ်ပလား . . .

(မှန်ပါ)၊ ဒါ ဆီလျော်အောင်ပြောတာလား၊ အဖိုးတန်လွန်း လို့ပြောတာလား. . . (အဖိုးတန်လွန်းလို့ ပြောတာပါဘုရား)။

## ဖြစ်ပျက်ရုပ်နာမ်ကို တစိမ်းအမြင်နဲ့ကြည့်

ဒါဖြင့် ပြန်ပြောကြစမ်းပါဦး၊ ဘယ်လိုမြင်ရမှာတုံးတဲ့. . . (ရုပ်နာမ်ဖြစ်ပျက်ကို သူစိမ်းအမြင်နဲ့မြင်အောင် ကြည့်ရပါမယ်) အဲ- ဖြစ်ပျက်ရုပ်နာမ်ကို သူစိမ်းအမြင်နဲ့ မြင်အောင်ကြည့်နိုင်ရင် ကိစ္စပြီးတယ်. . . (မှန်ပါဘုရား)။

ကဲ. . . ဒါကလေးတော့ဖြင့် ဦးဇံရင်တို့ ဖျောက်ပစ်လို့ တော်ပါ့မလား. . . (မတော်ပါဘုရား)၊ တစ်သင်္ချေနဲ့ ကမ္ဘာတစ် သိန်း ပါရမီဖြည့်ခဲ့ရတဲ့ ကိုယ်တော်ကြီးလည်း ငဲ့ကြပါဦး၊ ခင်ဗျား တို့ ငဲ့ကြစေချင်တာက ကျေးဇူးတော်ရှင်ပဲဆိုတာကိုသာ အောက်မေ့ပြီး၊ သူဟောတဲ့တရားကို လိုက်နာကျင့်ကြံစေချင် တာပါ။ ကိုယ်တော်ကြီးကတော့ ဒုက္ခသိမ်းသွားပါပြီ။ သူ့ဆီ မေတ္တာပို့လို့လည်း မရောက်ပါဘူး။ ခန္ဓာပဥ္စက အထည်မှမရှိ တော့ကိုး. . . (မှန်ပါ့)၊ ကျေးဇူးတော်ရှင်ပဲလို့သိရင်ပဲ ဘုန်းကြီးက ကျေနပ်ပါပြီ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ကြံခဲ့လို့ ဒီလို တရားမျိုးဟောနိုင်တာဆိုတော့ ဒီတရားဟာ ခင်ဗျားတို့ ဉာဏ်ထဲ မှာ မပျောက်အောင် ရှုလည်းရှုရမယ်၊ မေ့လည်းမမေ့ရအောင်

နေရမည့်တရား၊ ကိုယ့်အရေး ကိုယ်လုပ်တာ ဖြစ်လေသော ကြောင့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ပေါ့ပေါ့ဆဆ မလုပ် သင့်ဘူး. . . (မှန်ပါ့)၊ လုပ်သင့်ရဲ့လား. . . (မလုပ်သင့်ပါဘုရား)။

ပေါ့ပေါ့ကလေးလုပ်မယ်ကြံလို့ရှိရင် တစ်သင်္ချေနဲ့ကမ္ဘာ တစ်သိန်း ကိုယ်တော်ကြီးကိုလည်း ခင်ဗျားတို့ တစ်ခါတည်း မျက်နှာလွှဲတာနဲ့ မတူဘူးလား. . . (တူပါတယ်ဘုရား)၊ ကိုယ့် အတွက် မသနားတာနဲ့ကော. . . (တူပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်တော်မြတ်ကြီးလည်း မကြည်ညိုဘူး၊ ငါလည်းပေါ့လျော့နေတော့မယ် ဆိုလို့ရှိရင် ကောင်းပါဦးမလား . . . (မကောင်းပါဘုရား)။

ဒါကြောင့် ဒီမကောင်းလုံး နှစ်လုံးကိုတော့ ဖြုတ်ကြပါ (မှန်ပါ့) ကိုယ်တော်မြတ်ကြီးကိုလည်း ကျေးဇူးဆပ်ရာ ရောက် အောင်၊ ကိုယ့်ကိုယ်လည်း သနားရာရောက်အောင်၊ ဘယ်လို ကျင့်ကြမတုံး ခင်ဗျားတို့ (ရုပ်, နာမ် ဖြစ်ပျက်ကို သူစိမ်း အမြင် မြင်အောင်ကြည့်ရပါ့မယ်ဘုရား)။

အဲဒါကလေးကို မှတ်မိအောင်လို့ မနည်းထပ်မေး နေရတာ ခင်ဗျားတို့ကို (မှန်ပါ) တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ကိုယ်တော်ကြီးကို သပိတ်မှောက်ကြမလားလို့ ထပ်မေးရသေးတယ်၊ မမေးသင့်ဘူးလား (မေးသင့်ပါတယ် ဘုရား)။

အဲဒီ ဂါထာကလေးဟာ ဒီလိုလာတယ် . . .

နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ၊
နိဗ္ဗာန မဓိဂန္တဗ္ဗံ၊ သဗ္ဗဂန္ထပ မောစနံ။
(မဟာမောဂ္ဂလာ နတ္ထေရ ဂါထာအမှတ် ၁၁၇၄)
သုခုမံ တေပဋိ ဝိဇ္ဈန္တိ၊ ဝါလဂ္ဂံဥသုနာယထာ၊
ယေပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော၊
(မဟာမောဂ္ဂလာ နတ္ထေရ ဂါထာ ၃၆၂) *
(ဂါထာအမှတ် ၁၁၆၉)

## ဒီပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရောက်တယ်

**ယေ** = အကြင်ပုဂ္ဂိုလ်တို့သည်၊ **ပဉ္စက္ခန္ဓေ**= ခန္ဓာငါးပါး ရုပ်, နာမ်တရား၌၊ **ပရတော**= သူစိမ်းပြင်ပအားဖြင့်။ **ပဿန္တိ**= မြင်ကြကုန်၏။ **အတ္တတော** = ကိုယ်ပိုင်အတ္တအားဖြင့်။ **နောပဿန္တိ**= မမြင်ကုန်။ ဒီလို သူစိမ်းပြင်ပြင် မြင်လာအောင် ကြည့်ရမှာတဲ့ . . . (မှန်ပါ့)။

ဒီလိုပုဂ္ဂိုလ်တွေဟာ ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်တယ်၊ ရုပ်နာမ်၊ ဖြစ်ပျက်ကို သူစိမ်းအမြင်နဲ့ မြင်အောင်သာ ကြည့်နေကြမယ်ဆိုရင် နိဗ္ဗာန် ရောက်ပါတယ်တဲ့ (မှန်ပါ့) မရောက်ဘူးလား

** ထေရဂါထာပါဠိတော် မဟာမောဂ္ဂလာနတ္ထေရဂါထာ၊ စာမျက်နှာ (၃၉၂)*

. . . (ရောက်ပါတယ်ဘုရား)။

အခု ငါ့ကိုမထိနဲ့ဆိုတာက သူစိမ်းကို ငါလုပ်ထားတာ (မှန်ပါ့) အမွေးတစ်ပင်ထိတောင် မခံဘူး . . . တဲ့၊ ဟော အမွေးကလေး တစ်ပင်ကစ, ပြီး သူ့ဟာချည်းပဲ (မှန်ပါ့) ဘာများ ကျန်သေးသတုံး (ဘာမှမကျန်ပါဘုရား)။

ဘာမှ မကျန်တော့ဘူးဒကာဒကာမတို့ ခြေသည်း ကလေး လာထိရင်လည်း ကြိုက်ပါ့မလား (မကြိုက်ပါဘုရား) ငါ့ဟာကိုတော့ ကိုက်ပစ်ချင် ကိုက်ပစ်မှာပါ (မှန်ပါ့) သူများ လာထိရင်တော့ (မကြိုက်ပါ) မကြိုက်ဘူးဆိုတဲ့ဥစ္စာ သဘောကျ ပလား (ကျပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့သည် အင်မတန် ဆိုးဝါးတဲ့ အယူကြီးကို ယူထားတယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် အဲဒီလို မြင်တဲ့ပုဂ္ဂိုလ်ဟာဖြင့်ကွာ . . . တဲ့၊ သားမြီးဖျားကလေးကို ဥပမာမယ် - ကြက်တောင်ကလေး တစ်ခုကို အမျှင်ကလေးယူပြီး စိပ်နိုင်သလောက် စိပ်လိုက်လို့ ရှိရင် ဘာကျန်ဦးမလဲ (သေးသေးမှုန်မှုန်ကလေး ကျန်ပါမယ်) အဲ့ဒါကလေးကို အဝေးကနေပြီး လေးနဲ့ပစ်မယ်ဆိုရင် မှန်အောင် ပစ်နိုင်ပါ့မလား (မလွယ်ပါဘုရား) ဟိုက သေးငယ်နေတယ် (မှန်ပါ့) သေးငယ်နေတော့ ဦးခင်မောင်ရေ မလွယ်ဘူးပေါ့ဗျာ . . . (မှန်လှပါဘုရား)။

## အနတ္တဉာဏ်အစစ်ရတယ်

အဲဒါ မှန်အောင် မပစ်နိုင်သလိုပဲ . . . တဲ့၊ မိမိ ရုပ်နာမ် ဖြစ်ပျက်ကို သူစိမ်းပြင်ပလို့ မြင်ပြီဆိုမှဖြင့်၊ ဩော် . . . ဒါဟာ သူ့သဘောနဲ့သူဖြစ်နေတာ သူစိမ်းသဘောအတိုင်း ဖြစ်ချင်သလို ဖြစ်နေတာကိုး . . . လို့ ခင်ဗျားတို့ မြင်လို့ရှိရင်ဖြင့်၊ အဲဒါ သားမြီးဖျား မှန်တာပဲ (မှန်ပါ့) အနတ္တဉာဏ်အစစ် ရသွားရတာ ပဲတဲ့ . . . (မှန်ပါ့)။

ဘာရသွားသတုံး . . . (အနတ္တဉာဏ်အစစ်ရသွားတာ ပါဘုရား) ဩော် . . . တော်တော် အဖိုးတန်ပါကလား ဒကာ ဒကာမတို့ (တန်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားသည် ဒကာဒကာမတို့ အလုပ်စခန်း သက်သက်ကိုပြောတာ မာဂဏ္ဍီတောင် မဆက်ရသေးဘူး မာဂဏ္ဍီကျန်နေသေးတယ် ဦးခင်မောင် . . . (မှန်ပါ့)။

## ယထာဘူတဉာဏ်

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ တရားသိမ်းတော့ မှာမို့ ခင်ဗျားတို့ ဘယ်အမြင်သည် အမြင်မှန်ပါလိမ့် (ရုပ်နာမ် ဖြစ်ပျက်ကို သူစိမ်းမြင်, မြင်အောင်ကြည့်ရင် အမြင်မှန်ပါဘုရား) သူစိမ်းမြင် အမြင်မှန်ရလို့ရှိရင်ဖြင့် ဒါဟာ ယထာဘူတဉာဏ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

သို့သော်လည်း ဝိပါကဝဋ်ကောင် ဖြစ်နေတော့၊ ဒကာ ဒကာမတွေက ဒါကို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းလည်း၊ သူ့ဟာ သူ ဒုက္ခရောက်နေတဲ့ ရုပ်ရော နာမ်ရော ပျောက်သွားတာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရုပ်နာမ်ပျောက်တော့ ဘာခေါ်ကြမလဲ . . . (နိဗ္ဗာန်ပါဘုရား)။

## မဂ်ဉာဏ်ဖြစ်တယ်

ဒါဖြင့် သူစိမ်းမြင်အောင်ကြည့်၊ သူစိမ်းမုန်းအောင်ကြည့်၊ သူစိမ်းနဲ့ လုံးဝမပေါင်းချင်တဲ့စိတ်ပေါ် အောင်ကြည့်၊ ကြည့်လိုက်ရင် ဒါဟာ မဂ်ဉာဏ်ဖြစ်တာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့၊
သာဓု. . . သာဓု. . . သာဓု။